# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၅၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပစဉ်။

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ သောဠသမအစည်းအဝေး ဒုတိယနေ့ ကျင်းပ

**ရန်ကုန် မတ် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါး စုံညီ သောဠသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီ၌ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက် ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်၊ ပဓာနနာယကဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး / ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✪


ယနေ့ ဖတ်စရာ

YGEA က အသင်းဝင်ကတ်ကို ပထမဆုံးအကြိမ်အဖြစ် Smart ကတ် ထုတ်ပေးမည်ဖြစ်ကာ ကတ်ပါ QR ကုတ်ကို စကင်ဖတ်ပြီး အတုံးအခဲလိုင်စင်နှင့် ရွှေသယ်၊ ငွေသယ်ကတ်ကို တစ်ပါတည်းကြည့်နိုင်မည် (ပြည်တွင်းသတင်း | စာ ၄)

အဖေခေါ် မှားတဲ့သားနဲ့ အဆိုးသံသရာထဲက ယူကရိန်း (ဆောင်းပါး | စာ ၁၀)





# တိုင်းပြည်အင်အား

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် မိမိတို့၏ ပိုင်နက်နယ်နိမိတ်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် မိမိတို့၏ ကာကွယ်ရေးစွမ်းအားကို တောင့်တင်းခိုင်မာအောင် တည်ဆောက်ထားကြရသည်။ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားစုဖြစ်သော တပ်မတော်အင်အားချည့်နဲ့ပါက နိုင်ငံကိုကာကွယ်နိုင်စွမ်းလည်း ကင်းမဲ့ကာ ပိုင်နက်နယ်မြေကိုကျူးကျော်မှု၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးမှုတို့ ပေါ်ပေါက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မြန်မာ့တပ်မတော်သည် သာမန်အားဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည့်တပ် မဟုတ်ဘဲ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်ယှဉ်၍ ပေါ်ပေါက်လာခဲ့သည့် တပ်မတော်မျိုးဖြစ်သည်။ နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရပြီး နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော်ဖိနှိပ်ခံခဲ့ရသည့်ဘဝမှ လွတ်မြောက်နိုင်ရန်၊ နယ်ချဲ့ကို တိုက်ထုတ်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သည့် တပ်မတော်ကို ထူထောင်ခဲ့ရခြင်းဖြစ်သည်။ တပ်မတော်နှင့် ပြည်သူလူထုတို့ လက်တွဲကာ နယ်ချဲ့ဗြိတိသျှလက်အောက်မှ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသည့်အခါတွင်လည်း မရှေးမနှောင်းကာလအတွင်းမှာပင် ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်လာခဲ့ရာ ရရှိထားသည့် လွတ်လပ်ရေး ပြန်လည်လက်လွှတ်ဆုံးရှုံးမှုမဖြစ်စေရန်၊ နိုင်ငံအစိတ်စိတ်အမြွှာမြွှာ ပြိုကွဲမသွားစေရန်အတွက် အသက်၊ သွေး၊ ချွေးများစွာကို အရင်းအနှီးပြု၍ တပ်မတော်က ရောင်စုံသောင်းကျန်းသူများကို တိုက်ခိုက်နှိမ်နင်းခဲ့ရသည်။

တစ်ဆက်တည်းမှာပင် ၁၉၅၀ – ၁၉၆၁ ခုနှစ်ကာလအတွင်း ပြည်ပမှ ကျူးကျော်လာသူ ကူမင်တန် (တရုတ်ဖြူ) များ၊ ရခိုင်ပြည်နယ်အတွင်း လှုပ်ရှားနေသည့် ကုလားဆိုးသောင်းကျန်းသူများကိုပါ တိုက်ခိုက်နှိမ်နင်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကာလ ဆယ်စုနှစ်များအလိုက် ပြန်လည်လေ့လာကြည့်ပါက မြန်မာ့တပ်မတော်သည် စတင်တည်ထောင်ခဲ့သည်မှစ၍ လွတ်လပ်ရေးရရှိပြီးနောက် သမိုင်းတစ်လျှောက်လုံးတွင် ပြည်တွင်း၊ ပြည်ပအန္တရာယ်များစွာတို့ကို အသက်၊ သွေး၊ ချွေးများစွာ စွန့်လွှတ်စွန့်စားပေးဆပ်လျက် နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စွမ်းစွမ်းတမံကာကွယ်စောင့်ရှောက်ခဲ့သည်ကို တွေ့ရှိနိုင်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုမှ စတင်ကာ ခေတ်အဆက်ဆက် မြန်မာ့နိုင်ငံရေးတွင်ပါဝင်ခဲ့သည့် မြန်မာ့တပ်မတော်သည် တိုင်းရင်းသားပြည်သူလူထုအတွင်းမှ ပေါက်ဖွားလာသည့် ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ပစ္စုပ္ပန်ကာလတွင် ပြည်သူတို့၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို တပ်မတော်က အလေးထား ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်၏ ငြိမ်းချမ်းရေးရပ်တည်ချက်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်လျှောက်လှမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိစေရေးအတွက် မူဝါဒ (၆)ရပ်ကို ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ယင်းမှတစ်ဆင့် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တပ်မတော်က ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်သည် မည်သည့်ခေတ်၊ မည်သည့်အစိုးရပင်ဖြစ်စေ "ပြည်သူသာ အမိ၊ ပြည်သူသာ အဖ"ဟု ခံယူပြီး နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ပေးသူ၊ ပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ Guardian အဖြစ် အစဉ်အမြဲ ဆက်လက်တည်ရှိနေမည်ဖြစ်ရာ "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" ဖြစ်သည့်အလျောက် ပြည်သူလူထုတစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကာ တိုင်းပြည်အင်အားကို ခိုင်မာတောင့်တင်းပါစေကြောင်း။ ။

# (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့် ရွှေစင်ရွှေပြား ကပ်လှူရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန် ပထမဖောင်းရစ်ဧရိယာ (၃၄၈၅.၈၇) စတုရန်းပေအား ရွှေစင်ရွှေပြားလိုအပ်သည့် အချပ်ရေမှာ (၃၄၈၅) ချပ် ဖြစ်ပါသည်။ ၂၉-၂-၂၀၂၄ ရက်နေ့အထိ အလှူခံရရှိပြီးသော အချပ်ရေမှာ (၅၂၆) ချပ်သာဖြစ်ပါသည်။ လိုအပ်နေသော ရွှေစင်ရွှေပြား (၂၉၅၉) ချပ်ကို (၁) ချပ်လျှင် ၂၅၀၀၀၀၀/- (ကျပ်နှစ်ဆယ့် ငါးသိန်းတိတိ)ဖြင့် ပါဝင်လှူဒါန်းနိုင်ပါသည်။

လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန်အတွက်လည်း စေတနာရှင်များ လူကိုယ်တိုင်(သို့) အောက်ပါဘဏ်စာရင်းတွင် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

လုံးတော်ပြည့် ရွှေသင်္ကန်း၊ ရွှေစင်ရွှေပြားကပ်လှူရန် **"ပထမ"** အကြိမ် အလှူငွေပေးအပ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။

သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် ကြွရောက်လှူဒါန်းပူဇော်နိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်–

နေ့ရက် – ၁၂-၃-၂၀၂၄
(၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်) အင်္ဂါနေ့

အချိန် – မွန်းလွဲ (၁) နာရီ

နေရာ – စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံ။

❖ ဆက်သွယ်နိုင်လှူဒါန်းနိုင်ပါသည်–

(၁) ဦးမောင်မောင် (ဒုတိယမြို့တော်ဝန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)
ဖုန်း – ၀၉-၄၀၄၄၃၄၄၉၉

(၂) ဦးထွန်းကြည် (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်)
ဖုန်း – ၀၉-၅၁၃၅၆၉၈

(၃) ဦးကြည်လွင် (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်)
ဖုန်း – ၀၉-၂၅၀၇၉၇၄၁၇

(၄) ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ရုံး
ဖုန်း – ၀၉-၄၄၂၂၅၂၆၇၀

(၅) ပျဉ်းမနားမြို့၊ မြန်မာ့စီးပွားရေးဘဏ် စာရင်းအမှတ် (CF – 000873) သို့လည်း တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(၆) AYA Pay (Merchant ID. 20044314)

**ရွှေစင်ရွှေပြားကပ်လှူရေး**
**အလှူငွေလက်ခံရေးဆပ်ကော်မတီ**

# အုတ်တွင်းမြို့နယ်၌ ဘိုးဘွားများအား လူမှုရေးပင်စင်ငွေများ ထောက်ပံ့

**အုတ်တွင်း မတ် ၆**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွားများအား နိုင်ငံတော်မှ လူမှုရေးပင်စင်ငွေများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အသက် (၈၅) နှစ်နှင့်အထက် ဘိုးဘွားများအား တစ်ဦးလျှင် တစ်လ ငွေကျပ် တစ်သောင်းနှုန်းဖြင့် (အောက်တိုဘာ၊ နိုဝင်ဘာ၊ဒီဇင်ဘာ)သုံးလအတွက် ငွေကျပ် ၃၀၀၀၀ စီကို ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက တစ်အိမ်တက်ဆင်း သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

**အေမင်းရည်စော(ပြန်/ဆက်)**

# ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**ဇလွန် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့တွင် ကိန်းဝပ်စံပယ်တော်မူသော မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးသည် သက်တော်ထင်ရှား မြတ်စွာဘုရားကိုယ်တိုင် ရင်ငွေ့တော်ပေးအပ်ခဲ့သည့် သမိုင်းဝင်တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သည်နှင့်အညီ ဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်အား မတ် ၁၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မဟာအတုလဝေယံသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီများက ဆွေးနွေးတင်ပြမှုအပေါ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခုနစ်ခုကို ခွင့်ပြု

**နေပြည်တော် မတ် ၆**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**လုပ်ငန်းအသစ် ခုနစ်ခုကို ခွင့်ပြုပေး**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ခုနစ်ခုကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂၂၂ သန်းနှင့် ကျပ် ၉၉၆၈၃ ဒသမ ၁၂၂ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၃၆၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။

စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများ စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိ ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကို လည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ရွှေနှင့်ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံ

## ရွှေဈေး၊ ငွေဈေးကစားပြီး ဈေးနှုန်းမတည်မငြိမ်ဖြစ်အောင်ဆောင်ရွက်သူများကို ဥပဒေနှင့်အညီ ကြီးကြပ်အရေးယူသွားမည်

**နေပြည်တော် မတ် ၆**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ရွှေနှင့် ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

**စနစ်တကျထိန်းကျောင်းသွားရန်လို**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ရွှေဈေးကွက်တွင် စနစ်တကျရောင်းဝယ်နိုင်ရန်၊ စံချိန်စံနှုန်းနှင့် ဈေးနှုန်းအခြေခံသတ်မှတ်နိုင်ရေး၊ တရားဝင်ဆောင်ရွက်နိုင်သည့် ဈေးကွက်ဖော်ဆောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွှေဈေး၊ ငွေဈေးကစားပြီး ဈေးနှုန်းမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်သူများကို ဥပဒေနှင့်အညီ ကြီးကြပ်အရေးယူသွားမည်ဖြစ်ကြောင်း၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုအဖြစ် သတ်မှတ်ပါက ဥပဒေပါပြဋ္ဌာန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ အဖွဲ့ဝင်များအနေဖြင့် လက်ရှိလုပ်ဆောင်ချက်များ၊ ကြီးကြပ်မှုများကို ပြန်လည်စိစစ်ရန်နှင့် စနစ်တကျထိန်းကျောင်းသွားရန်လိုအပ်ကြောင်း ဆွေးနွေးသည်။



**စနစ်တကျ ချမှတ်ဆောင်ရွက်**

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရွှေရောင်းဝယ်ရာ၌ မသမာမှုပြုလုပ်၍ ဈေးကစားမှုများအပေါ် ကြီးကြပ်အရေးယူမှုများ ဆောင်ရွက်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ အမိန့်ထုတ်ပြန်ရာတွင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုအဖြစ်သတ်မှတ်နိုင်ရေးအတွက် အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်ရန်လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများအနေဖြင့် ရည်ညွှန်းရွှေဈေးနှုန်းထုတ်ပြန်ပြီး ကျော်လွန်ရောင်းချသူများအား အရေးယူနိုင်မည့်နည်းလမ်းများကို လည်းကောင်း၊ အစည်းအဝေးတက်ရောက်လာသူများက လိုအပ်သည့်အမိန့်များထုတ်ပြန်ရာတွင် ဦးစီးဆောင်ရွက်မည့် ဝန်ကြီးဌာန၊ ဆက်လက် ထိန်းချုပ်ကြီးကြပ်ကွပ်ကဲမည့်နည်းလမ်းများ၊ လုပ်ငန်းစဉ်များကို သေချာစွာစနစ်တကျ ချမှတ်ဆောင်ရွက်သွားရမည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးကြသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက တည်ဆဲဥပဒေပြဋ္ဌာန်းချက်များ၊ ထုတ်ပြန်ထားသည့်အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး လက်ရှိဆောင်ရွက်ချက်များ၊ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လိုအပ်သည့်အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်ရန် ဆက်လက် တင်ပြဆောင်ရွက်သင့်သည့် အချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ရွှေဈေးကွက်တည်ငြိမ်ခိုင်မာရေးအတွက် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ဆောင်ရွက်သင့်သည့် အစီအစဉ်များကိုလည်းကောင်း၊ တရားမဝင်ရောင်းဝယ်သူများကို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့် ထိရောက်စွာအရေးယူနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် တနိုင်းမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ၃၅၈ ဦး ဝင်ရောက်ဖြေဆိုမည်

**တနိုင်း မတ် ၆**

တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက် မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ၃၅၈ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

တနိုင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို အမှတ်-၁ အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနနှင့် အခြေခံပညာအထက်တန်းကျောင်း ရှင်ဗွေယန်စာစစ်ဌာန နှစ်ခုတွင် အထက-၁ ကျောင်း စာစစ်ဌာနတွင် အတွင်းဖြေ ကျား ၁၁၉ ဦး၊ မ ၁၅၄ ဦးနှင့် ပြင်ပဖြေဆိုသူ ကျား သုံးဦး၊ မ ကိုးဦးရှိပြီး အထက - ရှင်ဗွေယန်စာစစ်ဌာနတွင် အတွင်းဖြေ ကျား ၃၃ ဦး၊ မ ၃၆ ဦးနှင့် ပြင်ပဖြေဆိုသူ ကျား တစ်ဦး၊ မ သုံးဦး စုစုပေါင်း ၃၅၈ ဦးတို့က ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အဆင်ပြေအေးချမ်းစွာဖြေဆိုနိုင်ရေး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ထားကြောင်း သိရသည်။

**မနော်မြေ(တနိုင်း)**

မြန်မာ့အလင်း



# ရန်ပုံငွေမှထုတ်ပေးထားသည့် အရင်းမပျောက်မတည်ငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အကျိုးရှိစွာ စနစ်တကျအသုံးချနိုင်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မတ် ၆**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

**ပြန်လည်ပေးဆပ်ခဲ့ကြသည်ကို တွေ့ရှိရ**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ ထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁ ရက်မှစ၍ အတိုးနှုန်းသက်သာသော ချေးငွေများ ထုတ်ချေးပေးခဲ့ပြီး ချေးငွေများ ရယူခဲ့သည့်ဌာနနှင့်အဖွဲ့အစည်းများက သက်ဆိုင်ရာနှစ်အလိုက် အရင်းနှင့်အတိုးငွေများ ပြန်လည်ပေးဆပ်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစီမံကိန်းဆောင်ရွက်နိုင်ရေးအတွက် မူလလျာထားဧကခြောက်သိန်းအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အဆိုပြုချက်အရ ဧက ၇ ဒသမ ၅၇ သိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံ့ စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီက ကြိုတင်ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးခြင်းနှင့် ပြန်လည်ကောက်ခံခြင်းများကို ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရန်ပုံငွေမှထုတ်ပေးထားသည့် အရင်းမပျောက်မတည်ငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အကျိုးရှိစွာ စနစ်တကျအသုံးချနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

ယခုအစည်းအဝေးတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေးညှိနှိုင်းဖြေရှင်းပေးရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တင်ပြလာကြသော မတည်ရန်ပုံငွေထုတ်ချေးခြင်းဖြင့် ရရှိလာသည့်အတိုးရငွေအား ပြန်လည်ထုတ်ချေးခွင့်ပြုရန်ကိစ္စရပ်များနှင့် ပြန်လည်သုံးစွဲရန်ကိစ္စရပ်များ၊ လတ်တလော နယ်မြေဒေသအခြေအနေအရ လုပ်ငန်းများရပ်ဆိုင်းသွားသဖြင့် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလနှင့် အတိုး/အရင်းငွေများကို ဆိုင်းငံ့ထားရန်ကိစ္စရပ်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး ဝိုင်းဝန်းဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဝင်များက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ နွေစပါး၊ ပဲတီစိမ်းချေးငွေထုတ်ချေးခဲ့မှုနှင့် ပြန်လည်ကောက်ခံရရှိမှု၊ မိုးစပါးချေးငွေထုတ်ချေးပြီးစီးမှု၊ ဆီစက်လုပ်ငန်းဖွံ့ဖြိုးရေး ချေးငွေထုတ်ချေးထားမှု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက တင်ပြလာသည့်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထုတ်ချေးရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် အားနည်းချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရေးနှင့် ချေးငွေထုတ်ချေးရေးလုပ်ငန်းစဉ်များအား ကြီးကြပ်ဆောင်ရွက်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ၂၀၂၃ ခုနှစ်အတွင်း ရှမ်းပြည်နယ်သို့ ဧည့်သည် ၁ ဒသမ ၄ သန်းကျော် ဝင်ရောက်ခဲ့

**တောင်ကြီး မတ် ၆**

၂၀၂၃ ခုနှစ်တွင် ရှမ်းပြည်နယ်ကို ပြည်တွင်း ပြည်ပ ဧည့်သည် ၁ ဒသမ ၄ သန်းကျော် ဝင်ရောက်ခဲ့ခြင်းကြောင့် ယခုနှစ်တွင် ယင်းအရေအတွက်အတိုင်း မျှော်မှန်းဆောင်ရွက်ရန် လိုအပ်ကြောင်း ရှမ်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး၌ ပြောကြားသည်။

အဆိုပါ အစည်းအဝေးကို မတ် ၆ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ် (တောင်ပိုင်း)သည် တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယကဲ့သို့ ထင်ရှားသော ခရီးစဉ်ဒေသများ ရှိခြင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး ကူးလူးဆက်သွယ်သွားလာမှုများ ရှိခြင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင်လည်း တရုတ်နိုင်ငံနှင့် ထိစပ်နေသည့်အတွက် ကုန်သွယ်သွားလာမှုများရှိခြင်းကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း အချက်အချာကျသော ပြည်နယ်တစ်ခု ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ရေမြေတောတောင် သဘာဝအလှအပများ၊ တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ရာသီဥတု သမမျှတခြင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်း၊ ခရီးသွားများ အလွယ်တကူ လည်ပတ်သွားလာနိုင်သည့် အနေအထားဖြစ်ပြီး ခရီးစဉ်နေရာသစ်များ ပေါ်ထွက်နေခြင်းသည် ပြည်နယ်အပေါ် ခရီးသွားလာစိတ်ကို ဖြစ်ပေါ်စေကြောင်း၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဝင်များ အနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာတွင် ဆောင်ရွက်သင့်သည့် အချက်များကို စေတနာရှေ့ထား တင်ပြပေးစေလိုကြောင်း ထပ်လောင်းပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းဆိုင်ရာများ တင်ပြပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံး ဒုတိယညွှန်ကြားရေးမှူးက ဧည့်စာရင်း စီမံခန့်ခွဲမှုစနစ် (GLMS)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အထွေထွေဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(ပြန်/ဆက်)**



# YGEA က အသင်းဝင်ကတ်ကို ပထမဆုံးအကြိမ်အဖြစ် Smart ကတ် ထုတ်ပေးမည်ဖြစ်ကာ ကတ်ပါ QR ကုတ်ကို စကင်ဖတ်ပြီး အတုံးအခဲလိုင်စင်နှင့် ရွှေသယ်၊ ငွေသယ်ကတ်ကို တစ်ပါတည်း ကြည့်နိုင်မည်

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA)က အသင်းဝင်ကတ်ကိုပထမဆုံးအကြိမ်အဖြစ် Smart ကတ် ထုတ်ပေးမည်ဖြစ်ကာ ကတ်ပါ QR ကုတ်ကို စကင်ဖတ်ပြီး အတုံးအခဲလိုင်စင်နှင့် ရွှေသယ်၊ ငွေသယ်ကတ်ကို တစ်ပါတည်း ကြည့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အသင်းဝင်ကတ်အား QR Code (Smart Card) ဖြင့်ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ၎င်းအသင်းဝင်ကတ်တွင် အသင်း Profile ၊ အတုံးအခဲလိုင်စင်နှင့် ရွှေသယ်/ ငွေသယ်ကတ်ပါရှိကြောင်း မတ် ၁ ရက်တွင် အသင်း၏လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်စာမျက်နှာထက်တွင် အသိပေးကြေညာထားခြင်းဖြစ်သည်။

ထိုသို့ပါရှိမည်ဆိုခြင်းနှင့်ပတ်သက်၍ QR ကုတ်ကို စကင်ဖတ်ပါက မြင်ရခြင်းဖြစ်ပါမည်လားဟု ဆက်လက်မေးမြန်းရာ "ဟုတ်ပါတယ်။ ပထမဆုံးလုပ်တာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းသို့ အသင်းဝင်သောသူများအနေဖြင့် ရွှေအသင်းရုံးလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၄ ခုနှစ် နှစ်စဉ်ကြေးအား ရုံးသို့ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဘဏ်စနစ်ဖြင့်သော်လည်းကောင်း နှစ်စဉ်ကြေးများပေးသွင်းနိုင်ကြောင်း သိရသည်။ အသင်းဝင်ကတ်အား သက်တမ်းတိုးရာတွင် UAB Pay, Onepay ဖြင့် ပေးသွင်းနိုင်ကြောင်း ယင်းအသင်းမှ သိရသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာပေးသင်တန်းကို မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ရွှေပညာဒါနသင်တန်း ပထမနေ့တွင် တရားလွှတ်တော်ရှေ့နေ ဆရာဦးကျော်ငြိမ်း၊ ဆရာမ ဒေါ်ခင်မေသန်းတို့က သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**MT**

❂ ရှေ့ဖုံးမှ

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်၊အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီဟနာဒက ဆောင်ရွက်တော်မူသည်။

**ဝေဖန်ဆွေးနွေးတော်မူ**

ယင်းနောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်အပေါ် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တစန္ဒက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ၊ Ph.d ဒေါက်တာ ဘဒ္ဒန္တသူရိယက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

**ဆွေးနွေးဆုံးဖြတ်တော်မူ**

ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ဆက်လက်၍ အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ သောဌသမအစည်းအဝေး၊ ဒုတိယနေ့၊ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

**ပြန်ကြားလျှောက်ထား**

ယင်းနောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တ ပညာသီဟာလင်္ကာရာဘိဝံသက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍည ကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ထို့နောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အတည်ပြုချက်ရယူပြီး အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီသောဌသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သဃာ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက အဌတိသတိမ (၃၈) ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၆**

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူး ရုံးများမှ တာဝန်ခံအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးများမှ တာဝန်ခံအရာရှိများ၊ တက်ရောက်ကြပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ရုံးများမှ တာဝန်ခံအရာရှိများက Online ဖြင့် တက်ရောက်ကြသည်။

**လွန်စွာအရေးကြီး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူး ရုံးများသည် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ၊ မူဝါဒများနှင့်အညီ တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသဖြင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝ မြင့်မားရေးသည်လည်း လွန်စွာအရေးကြီးကြောင်း၊ ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အမျိုးသားစီမံကိန်းဥပဒေပါ လုပ်ငန်း ၂၄ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရာနှုန်းပြည့်ပြီးစီးနိုင်ရေး အထူးကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ နိုင်ငံတော်မှ ပြဋ္ဌာန်းထားရှိသည့် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ၊ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို အထူးအလေးထား လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းဒေသကြီး၊ ပြည်နယ် တာဝန်ခံများအနေဖြင့် မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည်များကို စဉ်ဆက်မပြတ်မြှင့်တင်ရန်နှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးတို့နှင့် အပြန်အလှန် အမှီသဟဲပြုနေသဖြင့် တိုင်းရင်းသားများ၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းသား အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ဆက်လက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ပြည်နယ်ညွှန်ကြားရေးမှူးရုံးများမှ တာဝန်ခံအရာရှိများက မိမိတို့တာဝန်ယူ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် တိုင်းရင်းသားရေးရာ အပါအဝင် အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ခြုံငုံသုံးသပ်၍ ပေါင်းစပ်ညှိနှိုင်း ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆင်ပေါင်ဝဲမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးငွေပေးအပ်

**ဆင်ပေါင်ဝဲ မတ် ၆**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေး ကော်မတီဝင်များ၊ အသင်းသား တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချန်ဖီယာန်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ချေးငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။



ထို့နောက် သဘာဝမြေသြဇာ ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် ပြည်တွင်းဖြစ် ယူရီးယားမြေသြဇာ ဖြန့်ဖြူးခြင်း လုပ်ငန်းအတွက် ငွေကျပ်သိန်း ၄၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်နိုင်ငံ့စီးပွား မြှင့်တင်ရေး ကော်မတီဝင်တို့က အောင်ကောင်းမြတ် လယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်း ဥက္ကဋ္ဌ ဦးအေးနိုင်နှင့် အမှုဆောင်အဖွဲ့အား ပေးအပ်ခဲ့သည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

# နေ့အပူချိန်များ အနည်းငယ် တိုးနေမည်

**နေပြည်တော် မတ် ၆** – နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးနေမည်။ **မိုး/ဇလ**

# မန္တလေးမြို့၌ ကွန်ဒို အငှားဈေးကွက် တွင်ကျယ်နေပြီး ဆိုင်ခန်းငှားရမ်းခြင်းလည်း တိုးလာ

**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်တစ်ခုဖြစ်သည့် မန္တလေးမြို့၌ ကွန်ဒိုအငှားဈေးကွက် တွင်ကျယ်နေပြီး ဆိုင်ခန်းငှားရမ်းခြင်းလည်း တိုးလာကြောင်း အဆိုပါမြို့ အခြေစိုက် အိမ်ခြံမြေလုပ်ငန်းများထံ ဆက်သွယ်မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

"အရောင်းအဝယ်တွေကတော့ အခုလောလောဆယ် လိုက်တော့ကြည့်နေကြတယ်။ ကျွန်မတို့က မြေအရောင်းအဝယ်တွေလည်း လုပ်တယ်ဆိုတော့ အရောင်းအဝယ်၊ အငှားဈေးကွက်တွေက ရှိပြီးသားပေ့ါ။ အငှားတွေလည်းရှိတယ်။ ဟိုတလောကဆိုလားရှိုးတို့၊ မူဆယ်တို့ နယ်ဘက်တွေကနေ ဒီဘက်ကိုပြောင်းလာကြတယ်။ ညီမတို့က မန္တလေးကိုပဲ အဓိကလုပ်တာဆိုတော့ မြေကွက်တို့၊ ကွန်ဒိုတို့က မန္တလေးမှာကျတော့ ငှားကြတာများတယ်။ ကွန်ဒိုဝယ်တာတွေလည်းရှိတယ်။ ဈေးကွက်က မန္တလေးမှာဆို မနော်ဟရီပေ့ါနော်။ အဲဒီဘက်တွေ မြေကွက်အများဆုံး ငှားကြတယ်။ ဆိုင်ဖွင့်ဖို့လည်း ကြိုက်ကြတယ်" ဟု Khin Myanmar Real Estate & Property မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိကာလတွင် နွေရာသီရောက်ရှိနေပြီဖြစ်သဖြင့် မနော်ဟရီဘက်တွင် မြေအငှားဈေးကွက် တွင်ကျယ်လျက်ရှိသည့်အပြင် ကွန်ဒို အဝယ်၊ အငှား လိုက်ကြည့်သူများလည်း ရှိနေကြောင်း သိရသည်။

"ကွန်ဒိုငှားခတွေကတော့ ဆယ့်နှစ်သိန်းကနေ သိန်းသုံးဆယ်အထက်ပေ့ါ။ ကွန်ဒိုတွေကတော့ ဂါးဒင်းစီးတီး၊ အဆာဟိ၊ ဂရန်းဗီလာ၊ စီးတီး မင်္ဂလာ အဲလိုတွေပေ့ါ။ ကွန်ဒိုတွေကတော့ နေရာစုံရှိတယ်။ မြို့ပြင်တံခွန်တိုင်ကို လိုချင်တာလား၊ ဈေးချိုဘက်ကို လိုချင်တာလား၊ မြို့ထဲပိုင်းကို လိုချင်တာလား၊ မြို့သစ်ကုန်းကိုလိုချင်တာလား အဲလိုပေ့ါ" ဟု အထက်ပါ တာဝန်ရှိသူက ဆိုသည်။ မနော်ဟရီဘက်တွင် ဈေးဆိုင်များ၊ ရှော့ပင်းစင်တာများလည်းရှိသဖြင့် ဆိုင်ခန်းငှားသူများ ပိုမိုသဘောကျကြကြောင်း သိရသည်။

"မနော်ဟရီဘက်ကတော့ ဈေးအများဆုံးပဲ။ ဆိုင်ခန်းအငှားဆို ပေ ၅၀၊ ပေ ၆၀ ဆိုရင် သိန်း ၅၀၊ သိန်း ၆၀ ပေ့ါ။ အာစီ ဘာညာဆိုရင် သိန်း ၆၀ လောက် ခေါ်ကြတယ်" ဟု အိမ်ခြံမြေ အကျိုးဆောင်တစ်ဦးက ဆိုသည်။ **သစ်တော်**

# အချိုးကျကိုယ်စားပြုစနစ် (PR) နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၆

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့် သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ကို ဖွင့်လှစ်ပို့ချလျက်ရှိရာ ယနေ့ နံနက် ၉ နာရီခွဲတွင် သင်တန်းသားအရာရှိများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ဝန်ထမ်းများအား အချိုးကျကိုယ်စားပြုစနစ် (PR) နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။**



အခမ်းအနားသို့ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ ဝန်ထမ်းများနှင့် သင်တန်းသား အရာရှိများ တက်ရောက်ကြသည်။

**အားနည်းချက်များ လျှော့ချနိုင်မည်**

အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုက ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးခြင်းဖြစ်သည့်အတွက် လွှတ်တော်တွင်း ပါတီအများစုမှ ကိုယ်စားလှယ်များ ပါဝင်မှသာ နိုင်ငံ့အကျိုးအတွက် ပိုမိုဆောင်ရွက်နိုင်ကြမည် ဖြစ်ကြောင်း၊ အချိုးကျ ကိုယ်စားပြုစနစ် (PR) ကျင့်သုံးခြင်းဖြင့် FPTP စနစ်၏ အားနည်းချက်များကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်ပြီး ယခင်ကကဲ့သို့ တစ်ပါတီလွှမ်းမိုးကြီးစိုးမှု မရှိဘဲ ပါတီများအနေဖြင့် ရွေးကောက်ပွဲတွင်ရရှိသည့် ဆန္ဒမဲအချိုးအရ ကိုယ်စားလှယ်များ ရရှိပြီး လွှတ်တော်တွင်း ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသား မျိုးနွယ်စုပါတီငယ်များ၏ ကိုယ်စားလှယ်များလည်း လွှတ်တော်သို့ ဝင်ရောက်နိုင်သည့် အခွင့်အရေး ရရှိမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များ၏ဆန္ဒ၊ အခွင့်အရေးလည်း ပိုမိုရရှိပြီး ဆန္ဒမဲများ အလဟဿ လေလွင့်ဆုံးရှုံးမှု လျော့ပါးသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးသည့် နိုင်ငံပေါင်း ၁၁၁ နိုင်ငံရှိကြောင်း။

**လေ့ကျင့်နေရန်လို**

မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် PR စနစ် ကျင့်သုံးမည်ဖြစ်ရာ ဝန်ထမ်းအားလုံးသည် အဆိုပါစနစ်နှင့်ပတ်သက်ပြီး ကျွမ်းကျွမ်းကျင်ကျင် ဖြစ်နေရန် လိုအပ်သည့်အတွက် ထပ်ကာထပ်ကာ အကြိမ်ကြိမ် ဖတ်ရှုလေ့လာ လေ့ကျင့်မှ လက်တွေ့ ဆောင်ရွက်ရာတွင် ကျွမ်းကျင် လွယ်ကူမည်ဖြစ်ကြောင်း၊ ယနေ့ ပို့ချချက်များနှင့် စပ်လျဉ်းပြီး သင်တန်းသားများအပါအဝင် ဝန်ထမ်းများအားလုံး အနေဖြင့် အလေးအနက်ထား လေ့လာ မှတ်သားပြီးနောက် ရွေးကောက်ပွဲ တိုင်သည်အထိ အကြိမ်ကြိမ် လေ့ကျင့်နေရန် လိုအပ်ကြောင်း ပြောကြားသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုး က အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် စပ်လျဉ်း၍ Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြရာ သင်တန်းသားများနှင့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) တွင် UCMT CAREER FAIR 2024 ကျင်းပ

**သန်လျင် မတ် ၆**

သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (သန်လျင်) မှ ဘွဲ့ကြို ကျောင်းသား ကျောင်းသူများအား လုပ်ငန်းခွင် အတွေ့အကြုံရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် ဘဏ်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေရန် ရည်ရွယ်၍ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ၌ UCMT CAREER FAIR 2024 ကို မတ် ၆ ရက် နံနက် ၁၀ နာရီက ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာ ရီရီဝင်း က အမှာစကား ပြောကြားရာတွင် "သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (သန်လျင်) အနေဖြင့် Bachelor of Business Science (B.BSc) ဘွဲ့ကို ၂၀၁၄ – ၂၀၁၅ ပညာသင်နှစ်မှစတင်၍ Accounting and Finance, Marketing Management, Applied Statistics, Regional Development နှင့် Social Enterprise Management အထူးပြုဘာသာရပ် ၅ ခုဖြင့် မွေးထုတ်ပေးလျက်ရှိရာ 4th Batch အထိ ဘွဲ့များပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဘဏ်များ၊ ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် မိမိတို့ တက္ကသိုလ်မှ ဘွဲ့ရများနှင့် ကိုက်ညီမည့် လုပ်ငန်းခွင်များအတွက် ရွေးချယ်နိုင်ပါကြောင်းနှင့်ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့စိတ်ပါဝင်စားသည့်အလုပ်ကို သေချာစွာ စဉ်းစားပြီးမှ လျှောက်ထားကြရန်လိုကြောင်း" ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က "Harmonizing Skill Supply with Industry Demands" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပြီး ဘဏ်များနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ၎င်းတို့လက်ရှိဆောင်ရွက်နေသည့် အခြေအနေများ၊ အနာဂတ် ရည်မှန်းချက်များ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခ၊ ခေတ္တဌာနမှူးများ၊ ဘာသာရပ် တာဝန်ခံများ၊ ဘဏ်နှင့် ကုမ္ပဏီအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်အထက် အဘိုး အဘွားများကို Pfizer Covid 19 ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးလျက်ရှိ

**ပြင်ဦးလွင် မတ် ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်ဖြင့် အသက် ၆၅ နှစ်နှင့်အထက် အဘိုး အဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အစီအစဉ်အရ ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများသည် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ချယ်ရီမြေဘိုးဘွားရိပ်သာတွင် ယနေ့တွင် အသက် ၆၅ နှစ် အထက် အဘိုး အဘွားများကို Pfizer Covid 19 ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခဲ့ကြောင်းသိရသည်။

ထိုသို့ထိုးနှံပေးရာတွင် အဘိုးအဘွား ၂၉ ဦးကို Pfizer Covid 19 ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးနိုင်ခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# တောင်ငူမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေးဆွေးနွေး



**တောင်ငူ မတ် ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေးဆွေးနွေးခြင်းကို ယနေ့ နံနက် ၉ နာရီက ခပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရခြင်း၏ရည်ရွယ်ချက်နှင့် အကြောင်းအရင်းများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးကြသည့် ကမ္ဘာ့နိုင်ငံများအကြောင်း၊ ပြည်သူ့စစ်မှုထမ်းရန် အသက်ရွယ်နှင့် ထမ်းဆောင်ရမည့် ကာလတို့ကို ဆွေးနွေးပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ဥပဒေဆိုင်ရာ သိကောင်းစရာ အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်၊ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ ၃၅၀ ခန့် တက်ရောက် ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၆**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့၊ မကွေးမြို့၊ ဆင်ဖြူကျွန်းမြို့၊ ပြည်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီနှင့် မြင်းခြံမြို့၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်)၊ အောင်လံမြို့၊ လေးထပ်ပြင်မြို့နှင့် ထားဝယ်မြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

## ငွေကျပ်သိန်း ခုနစ်ဆယ်နှင့် ငွေကျပ်သိန်း သုံးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများအားပေးအပ်

**နေပြည်တော် မတ် ၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းမိသားစုများမှ စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ပြည်ထောင်စုစာရင်းစစ်ရုံးနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုပေးအပ်သည့် ငွေကျပ်သိန်း ခုနစ်ဆယ်နှင့် ငွေကျပ်သိန်း သုံးဆယ် တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ပြည်ထောင်စုစာရင်းစစ်ချုပ်က တိုင်းမှူးထံ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ချင်းပြည်နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူရေးနှင့်နွေရာသီသင်တန်းများ ဖွင့်လှစ်နိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ဟားခါး မတ် ၆**

သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာနှင့် နွေရာသီ သင်တန်းများ ဖွင့်လှစ်နိုင်ရေးလုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို မတ် ၅ ရက်က ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က ကျောင်းသား ကျောင်းသူများက နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် ပါဝင်သော လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များ အကောင်အထည်ဖော် ဆောင်နိုင်ရေးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ဖြစ်သော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေး နစ်နာမှုမရှိစေရေးအတွက် သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာသင်တန်း ဖွင့်လှစ်နိုင်ရေး အတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်နှင့် လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦးတို့က နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း သင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ ဟားခါး တက္ကသိုလ်၊ အစိုးရစက်မှုလက်မှု သင်တန်းကျောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန စသည့် ပြည်နယ်ဦးစီးမှူးများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က နွေရာသီကျောင်းပိတ်ရက်အတွင်း ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဖြည့်စွက် ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန် /ဆက်)

# အိန္ဒိယနိုင်ငံ၌ ကျင်းပပြုလုပ်သည့် နိုင်ငံတကာရေတပ်လေ့ကျင့်ခန်း (MILAN-2024) နှင့် (၆)ကြိမ်မြောက် အိန္ဒိယ-မြန်မာရေတပ်ဆိုင်ရာလေ့ကျင့်ခန်း (6th IMNEX) သို့ တက်ရောက်ခဲ့သည့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော စစ်ရေယာဉ်(ဆင်ဖြူရှင်) ပြန်လည်ရောက်ရှိ

**နေပြည်တော် မတ် ၆**

အိန္ဒိယနိုင်ငံ Visakhapatnam မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာရေတပ် လေ့ကျင့်ခန်း (MILAN–2024) နှင့် (၆)ကြိမ်မြောက် အိန္ဒိယ – မြန်မာ ရေတပ်ဆိုင်ရာ လေ့ကျင့်ခန်း (6th IMNEX) သို့တက်ရောက်ခဲ့သည့် တပ်မတော်(ရေ)မှ အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး ဇော်ဦး ဦးဆောင်သော စစ်ရေယာဉ် (ဆင်ဖြူရှင်) သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ) သို့ ပြန်လည်ရောက်ရှိရာ ရေတပ်လေ့ကျင့်ရေး ဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ထွန်းလူနှင့် တပ်မတော်(ရေ) မှ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နိုင်ငံတကာရေတပ် လေ့ကျင့်ခန်း (MILAN–2024) ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ စစ်ရေယာဉ်(ဆင်ဖြူရှင်) အပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ စစ်ရေယာဉ် ၁၃ စင်းနှင့် ကင်းထောက် လေယာဉ်တစ်စင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ခရီးစဉ်အတွင်း ဆိပ်ကမ်းအခြေပြုစဉ် International Maritime Seminar သို့ နိုင်ငံပေါင်း ၄၇ နိုင်ငံနှင့် အတူ တက်ရောက်ခြင်း၊ Subject Matter Expert Exchange Program သို့ တက်ရောက်ဆွေးနွေးခြင်း၊ MILAN Young Officer Interaction အစီအစဉ်တွင် အရာရှိငယ်များ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆိပ်ကမ်းအခြေပြု လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ International City Parade ၌ ပါဝင်ဆောင်ရွက်ခြင်း၊ MILAN Village ၌ နိုင်ငံတကာယဉ်ကျေးမှုပြပွဲတွင် ကပြဖျော်ဖြေခြင်းနှင့် မြန်မာ့ရိုးရာ လက်မှုပစ္စည်းများ ခင်းကျင်းပြသခြင်း၊ ဗုဒ္ဓဂယာနှင့် တာ့ချ်မဟာ (Taj Mahal) သို့ သွားရောက်လည်ပတ်ခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတကာစစ်ရေယာဉ်များနှင့်ပူးပေါင်း၍ ပင်လယ်ပြင် လက်တွေ့ လေ့ကျင့်ခန်းများတွင် ပါဝင်လေ့ကျင့်ခဲ့ကြသည်။



ထို့ပြင် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂ ရက်အထိ ဆောင်ရွက်ခဲ့သည့် (၆) ကြိမ်မြောက် အိန္ဒိယ–မြန်မာ ရေတပ်ဆိုင်ရာလေ့ကျင့်ခန်း (6th IMNEX) တွင် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ စစ်ရေယာဉ်များ အပြန်အလှန်လေ့လာခြင်း၊ အိန္ဒိယ စစ်ရေယာဉ် INS Kamorta (P 28) နှင့်ပူးပေါင်း၍ ပင်လယ်ပြင် လက်တွေ့ လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့သည်။ စစ်ရေယာဉ် (ဆင်ဖြူရှင်)ဖြင့် ယခုသွားရောက်ခဲ့သည့် ခရီးစဉ်အသွား/အပြန်သည် စုစုပေါင်းရေမိုင် ၂၆၅၀ ခန့် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အနာဂတ်ကာလတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များဆွေးနွေး



နေပြည်တော် မတ် ၆

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. J.M.J.P. Bandara အား ယနေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံအနေဖြင့် သီရိလင်္ကာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း တန်ဖိုးရှိသည့် ဆေးနှင့်ဆေးပစ္စည်းများအား မိမိတို့ အခက်အခဲရှိသည့်အချိန်တွင် ကူညီထောက်ပံ့ပေးသည့်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာပြည်သူ ပြည်သားများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားပြီး နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် ပြည်သူ့ကျန်းမာရေးကဏ္ဍ၊ တိုင်းရင်းဆေးပညာကဏ္ဍ၊ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍတို့တွင် ဆက်လက်၍ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကျန်းမာရေးပညာရပ်ဆိုင်ရာ အတွေ့အကြုံအသိပညာများ အပြန်အလှန်နှီးနှောဖလှယ်ရေးကိစ္စရပ်များ၊ အနာဂတ်ကာလတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများဆိုင်ရာ ဒီပလိုမာသင်တန်းအမှတ်စဉ် (၁) အပိုင်း (၂) သင်တန်းဆင်းပွဲကျင်းပ



**နေပြည်တော် မတ် ၆**

မြန်မာနိုင်ငံ စာရင်းကောင်စီမှ ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်တွင် ဖွင့်လှစ်သည့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာ စာရင်းစံများဆိုင်ရာ ဒီပလိုမာ သင်တန်း (Diploma in International Public Sector Accounting Standards – Dip IPSAS) အမှတ်စဉ်(၁)၊ အပိုင်း (၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

**သင်ကြားပို့ချ**

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦးက ယခုသင်တန်းကို နိုင်ငံပိုင်ကဏ္ဍအဖွဲ့အစည်းများတွင် စာရင်းပညာကျွမ်းကျင်စွာဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်စေရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ပြည့်ဝပြီး ကောင်းမွန်သည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဖြစ်ပေါ်လာစေမည့်အပြင် IPSAS စာရင်းစံနှင့်ကိုက်ညီသည့် ဘဏ္ဍာရေးရှင်းတမ်းများ၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိသည့် ဘဏ္ဍာရေးအစီရင်ခံစာများ ဖြစ်ပေါ်စေမည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုသင်တန်းတွင် သင်ကြားပို့ချခဲ့မှုများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာ၍ IPSAS ဆိုင်ရာ စာရင်းပြုစုနည်းစနစ်များကို မိမိတို့၏လုပ်ငန်းနယ်ပယ်အသီးသီးတွင် လက်တွေ့အသုံးချခြင်း၊ ပြန်လည်မျှဝေပေးခြင်းတို့ဖြင့် နိုင်ငံနှင့်ဌာနအကျိုးအတွက် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သည့် ဝန်ထမ်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

**Online ဖြင့် တက်ရောက်**

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယ ဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှ လည်းကောင်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) နှင့် တာဝန်ရှိသူများက Online ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

**သုံးလကြာဖွင့်လှစ်**

အဆိုပါ သင်တန်းကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၆ ရက်အထိ သင်တန်းကာလ သုံးလကြာ ဖွင့်လှစ်ခဲ့ပြီး စုစုပေါင်း သင်တန်းသား ၉၀ တက်ရောက်ပြီးမြောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်မှု ဖွံ့ဖြိုးလာရေး အားပေးမြှင့်တင်

**နေပြည်တော် မတ် ၆**

မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံစေရန်နှင့် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် အစည်းဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိရစ္ဆာန်အစာထုတ်လုပ်သူများ၊ ညီနောင်အသင်းများမှလုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးကြသည်။

**ညှိနှိုင်းဆောင်ရွက်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်ထုတ်လုပ်ငန်းများအားလုံးကို ပုဂ္ဂလိကပိုင်းက ဆောင်ရွက်နေခြင်းဖြစ်၍ စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာရန် တောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံး ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ချက်များ၊ ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် ခိုင်မာသော ဈေးကွက်ဖော်ဆောင်နိုင်ကြစေရန် အစားအစာ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော မွေးမြူရေး ထွက်ကုန်များနှင့် ခေတ်မီကုန်ချော ထုတ်လုပ်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး အစည်းအဝေး၊ တက်ရောက်လာသူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ဒုတိယဝန်ကြီးသည် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ မွေးမြူရေးထွက်ကုန်အခြေခံ အသင့်စားကုန်ချောထုတ် စက်ရုံများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး အစားအစာ ဘေးကင်းလုံခြုံရေးနှင့် ဈေးကွက်လိုအပ်ချက်ရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိငါးလုပ်ငန်း ဦးစီးဌာနပိုင်မြေနေရာအား ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် First Gloden Dragon Construction Co.,Ltd ၏ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**အိမ်ပြင်ပဋ္ဌထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# စိုက်ပျိုးသီးနှံထွက်ကုန်များ တန်ဖိုးမြင့်ထုတ်ကုန် Value Added များအဖြစ်ပြောင်းလဲကာ ပြည်တွင်းသာမက ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေများ ရရှိနိုင်မည်



**နေပြည်တော် မတ် ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန် ဒေသထွက်ကုန် သစ်သီးဝလံများအား ကုန်ကြမ်းအဖြစ်မှ Value Added တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးနှင့် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ရှိ Sky Fruit Food Industry Co.,ltd ၏ စားသောက်ကုန်ထုတ်လုပ်မှုစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စားသောက်ကုန်ထုတ်လုပ်မှုစက်ရုံတာဝန်ခံက ဒေသထွက်ကုန်များဖြစ်သော သရက်သီး၊ ဆီးသီး၊ နာနတ်သီး၊ စတော်ဘယ်ရီသီး၊ ရှောက်သီး၊ ခရမ်းချဉ်သီး၊ လိမ္မော်သီးနှင့် ကော်ဖီစေ့တို့ကို အဆင့်မြှင့်ထုတ်ကုန် Value Added များအဖြစ် ထုတ်လုပ်နေမှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက တောင်သူများ၏ စိုက်ပျိုးသီးနှံထွက်ကုန်များအား တန်ဖိုးမြင့်ထုတ်ကုန် Value Added များအဖြစ်ပြောင်းလဲကာ ပြည်တွင်းသာမက ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရှိပြီး အဆိုပါဌာနမှ ဒေသထွက်ကုန်များအား အဆင့်မြှင့်ထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး လိုအပ်သည့် နည်းပညာသင်တန်းများနှင့် ခေတ်ခွဲစမ်းသပ်မှုများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အရင်းအနှီးလိုအပ်ပါက MSME ရန်ပုံငွေ လျှော့ချထားနိုင်ကြောင်း၊ သမဝါယမအသင်းများနှင့် အသင်းစုချုပ်များက သေချာလေ့လာ၍ လိုက်ပါဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စားသောက်ကုန်ထုတ်လုပ်မှုစက်ရုံအတွင်း သစ်သီးယို၊ ဆီးသီးခြောက်၊ နာနတ်သီးခြောက်၊ စတော်ဘယ်ရီသီးခြောက်၊ သရက်သီးခြောက်၊ ဂရိတ်ဖရုသီးယို၊ ရှောက်သီးယို၊ ခရမ်းချဉ်သီးခြောက် ထုတ်လုပ်နေမှုကိုလည်းကောင်း (ဝဲပုံ)၊ သရက်သီး၊ ဆီးသီး၊ နာနတ်သီး၊ ရှောက်သီး၊ မန်ကျည်းသီးနှင့် ပင်မှည့်ဖျော်ရည် ထုတ်လုပ်နေမှုကိုလည်းကောင်း၊ သရက်သီးသနပ်၊ မရန်းသီးသနပ် ထုတ်လုပ်နေမှုနှင့် အသင့်သောက်ကော်ဖီထုတ်လုပ်နေမှုကို လည်းကောင်း လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ခြေ ၂၄၅ အိမ်၊ လူဦးရေ ၈၆၇ ဦးကို အကျိုးပြုသည့် သပြေစမ်းကျေးရွာအဝင်လမ်း ပေ ၄၈၅၀ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂/ ၂၀၂၄)သင်တန်းဖွင့်လှစ်

**နေပြည်တော် မတ် ၆**

နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် အသစ်ခန့်အပ်လိုက်သည့် အမှုထမ်းငယ်များအတွက် အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၂/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် ဦးစီးဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သံတမန်ရေးရာများ၊ နှစ်နိုင်ငံဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသတွင်းအဖွဲ့အစည်းများဆိုင်ရာကိစ္စရပ်များ၊ အာဆီယံရေးရာကိစ္စရပ်များ၊ ကောင်စစ်ရေးရာကိစ္စရပ်များ၊ အခြေခံရုံးလုပ်ငန်းများ၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ ကွန်ပျူတာလက်တွေ့အသုံးချခြင်းဆိုင်ရာများ စသည့်ဘာသာရပ်များကို သင်တန်းကာလ ရက်သတ္တလေးပတ်ကြာ စာတွေ့/လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ပုသိမ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပုသိမ်ကမ်းနားလမ်း တိုးချဲ့ဆိပ်ခံတံတားတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**ပုသိမ် မတ် ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ မတ် ၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု (အပေါ်ပုံ) နှင့် ပုသိမ်ကမ်းနားလမ်း တိုးချဲ့ခြင်း Bored pile အခြေပြု ကွန်ကရစ်ဆိပ်ခံတံတား အလျား ပေ ၂၀၀ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက လေယာဉ်ပြေးလမ်းနှင့် ပတ်သက်သည့် သတ်မှတ်အမှတ်အသားများထင်ရှားစွာရေးဆွဲထားရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေး လျာထားသတ်မှတ်ထားသည့် လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ ပုသိမ်ကမ်းနားလမ်း တိုးချဲ့ခြင်း Bored pile အခြေပြု ကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ရာတွင် ခိုင်ခံ့လုံမှုအတွက်သာမက မသန်စွမ်းသူများအတွက်ပါ ထည့်သွင်းဆောင်ရွက်ပေးရေး၊ ဆိုလာစနစ်ဖြင့် ညအချိန်မီးလင်းအောင် ဆောင်ရွက်ရေး မှာကြားသည်။

**အလေးထားဆက်ဆံ**

ထို့နောက် ဒုတိယဝန်ကြီးသည် ပုသိမ်မြို့ ရောရှ္ဓေဝါခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး မိမိတို့ ဌာန/ အဖွဲ့အစည်း၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များကို ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ဘဏ္ဍာငွေသုံးစွဲရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲရန်၊ ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရာတွင် အဂတိတရားကင်းရှင်းပြီး ယဉ်ကျေးသိမ်မွေ့စွာအလေးထားဆက်ဆံရန်၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးရန် မှာကြားကာ ဌာနအလိုက် တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း၍ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## တောင်ကြီးမြို့နယ် ကက္ကူ - ဂနိုင်ထော့ကျေးရွာချင်းဆက်လမ်း ကျောက်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် မတ် ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ တောင်တန်းမြေပြန့်မခွဲခြားဘဲ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တောင်ကြီးမြို့နယ် ကက္ကူကျေးရွာအုပ်စု ကက္ကူ-ဂနိုင်ထော့ကျေးရွာချင်းဆက်လမ်း ကျောက်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၂၅၁ ဒသမ ၆၅၅ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းကြောင့် ကျေးရွာ ၁၁ ရွာမှ လူဦးရေ ၄၇၃၅ ဦးနှင့် ခရီးသွားလာမည့် ဒေသခံများကို များစွာအကျိုးရှိစေမည်ဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်း ၄၀/၆ မိုင်၊ အာမခံလမ်း ၃/၂ မိုင်၊ ကျောက်လမ်း ၂၅/၅ မိုင်၊ ကတ္တရာလမ်း ၁/၄ မိုင် ကတ္တရာထပ်ပိုးလွှာလမ်း ၇/၂ မိုင်၊ ကွန်ကရစ်လမ်း ၂/၃ မိုင်၊ ကွန်ကရစ်တံတား ၁၂ စင်း၊ Box Culvert ၁၅၆ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်း လေးခု၊ ကျောက်စီရေမြောင်းလုပ်ငန်း သုံးခု၊ မြေထိန်းနံရံ လုပ်ငန်းတစ်ခု၊ အုတ်ခြံစည်းရိုးကာရံခြင်း တစ်ခု၊ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်း လေးတွင်း၊ တန်ဖိုးနည်း အိမ်ရာတစ်လုံး၊ သာသနာရေးလုပ်ငန်း ၁၇ ခုနှင့် ဦးစီးဌာနလုပ်ငန်း သုံးခုကို စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၁၂၃၆ ဒသမ ၉၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

ဖြစ်ရပ်မှန်ကမ္ဘာ့မြင်ကွင်းကြားက ရယူအပ်ရာ သင်ခန်းစာများ

# အဖေခေါ်မှားတဲ့သားနဲ့ အဆိုးသံသရာထဲက ယူကရိန်း

မြင့်မြတ်

**ဒီအချိန် ဒီကာလတစ်ခုဟာ ယူကရိန်းအတွက်တော့ အခက်ခဲဆုံးအချိန်ဖြစ်နေပါပြီ။ အမေရိကန်ကို အားကိုးတဲ့ ဇာလန်စကီး၊ နေတိုးကို အဖော်ပြုတဲ့ယူကရိန်း အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်နေရပြီ။ သတိမမူ ဂူမမြင် ဘယ်သူကမိတ်ဆွေအစစ်၊ ဘယ်သူက မိတ်ဆွေအတု ခွဲခြားမသိခဲ့။ နေတိုးရဲ့ စနစ်တကျစီစဉ်မှုအောက်မှာ ဆင်ခြင်တုံတရားမဲ့တဲ့ ယူကရိန်းခေါင်းဆောင်တွေဟာ မည်သည့်အပြောင်းအလဲတစ်ခုခု၊ အခင်းအကျင်းသစ်တစ်ခုခုကိုမှ ဖန်တီးနိုင်စွမ်းမရှိသေးဘဲ သူတို့နိုင်ငံ၊ သူတို့ပြည်သူတွေကို ကြမ္မာဆိုးထဲ တွန်းပို့ဆဲဖြစ်နေပါတယ်။ ယနေ့ကမ္ဘာ့အရေးအခင်းတွေ မြင်ကွင်းတွေက မိမိနိုင်ငံအတွက်ဆို သင်ခန်းစာယူသင့်စရာတွေအများကြီးပါ၊ ယူတတ်ရင်ပညာ အမှန်မြင်တတ်ဖို့ပဲ လိုပါတယ်။**

**စစ်ကြောင့် အဆုံးအရှုံးတွေရှိပေမယ့် Sanction က မရပ်သေး**

လွန်ခဲ့တဲ့ နှစ်နှစ်က US နဲ့ NATO ဂွင်ဆင်မှုအောက်မှာ ယူကရိန်းခေါင်းဆောင်ဟာ စစ်ကိုလွယ်လွယ်ရွေး၊ ခပ်တိမ်တိမ်တွေးပြီး ပြည်ပအားကိုးနဲ့ စစ်ကိုမရမက တိုက်ခဲ့တယ်။ ယခုအချိန်မှာ တိုင်းပြည်ရဲ့ နယ်မြေ ၂၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးသွားရပြီ။ ဆုံးရှုံးသမျှနယ်မြေတွေ ပြန်ရနိုးနဲ့ အမေရိကန်နဲ့ နေတိုးထည့်သမျှ ဂျင်းအောက်မှာ နယ်မြေတွေ၊ လူ့အသက်တွေ ထပ်မံဆုံးရှုံးဖို့သာ ရှိနေပါတယ်။ UNHMM ရဲ့ စာရင်းအရဆိုရင် နှစ်နှစ်တာစစ်ပွဲအတွင်း ယူကရိန်းစစ်သား လေးသိန်းကျော်နဲ့ အရပ်သား သေဆုံးဒဏ်ရာရ ၃၀၄၅၇ ဦးခန့် ရှိသွားပါပြီ။ အမှန်တကယ်မြေပြင်မှာ ဒီထက် ဂဏန်းပိုများမှာ သေချာပါတယ်။ ပြည်တွင်းမှာ အိုးပစ်အိမ်ပစ် စွန့်ခွာသွားတဲ့ အရေအတွက်ဟာ ၃ ဒသမ ၇ သန်းနဲ့ နိုင်ငံတကာကို ရောက်သွားတဲ့ ယူကရိန်းဒုက္ခသည်ပေါင်းဟာ ၆ ဒသမ ၃ သန်း ကျော်သွားပါပြီ။

ယူကရိန်းလူဦးရေရဲ့ ၄၀ ရာခိုင်နှုန်း ပမာဏရှိတဲ့ ပြည်သူ ၁၄ ဒသမ ၆ သန်းဟာ အရေးပေါ်စားနပ်ရိက္ခာ အရေးတကြီးလိုအပ်နေပြီး အိမ်နီးချင်းနိုင်ငံတွေဆီရောက်နေတဲ့ ဒုက္ခသည် ၂ ဒသမ ၂ သန်းကလည်း အရေးပေါ်စားနပ်ရိက္ခာ ပြတ်လပ်နေပါတယ်။ အခြေခံအဆောက်အအုံတွေ ပျက်စီးဆုံးရှုံးရမှုတန်ဖိုးက ၂၀၂၃ နှစ်ကုန်အထိ USD ၁၅၂ သန်းပမာဏအထိ ရောက်ရှိသွားခဲ့ပါပြီ။ စစ်ကိုမရပ်ဘဲ အမေရိကန်ရဲ့ အထောက်အပံ့သာဆက်မရရင် စစ်ရေးအရ အရေးပါတဲ့ အက်ဗီရက်ဗ်ကာ (Adveyevka) လို ယူကရိန်းမြို့ကြီးတွေနဲ့ လူ့အသက်တွေ သိန်းနဲ့ချီပြီး ဆက်လက်ဆုံးရှုံးနိုင်ခြေသာရှိနေပါတယ်။

ဒီအခြေအနေအထိ အမေရိကန်က ရုရှားကိုအင်အားချည့်နဲ့ဖို့ ယူကရိန်းကို အသုံးချခဲ့တာကို ယူကရိန်းခေါင်းဆောင်တွေ မသိချင်၊ မမြင်ချင်ယောင်ဆောင်နေဆဲပါ။ တစ်ဖက်ကလည်း ဆန်ရှင် (Sanction)ကလွဲပြီး ဘာမှမလုပ်တတ်တဲ့ အမေရိကန်နဲ့ အီးယူက တစ်ဖက်သတ် ဆန်ရှင်အသစ်တွေသာ ထပ်မံချခဲ့ကြပြီး ရန်လိုမှုကို ပြသနေကြပါတယ်။ အမေရိကန်က ဆန်ရှင်အရေအတွက် ၅၀၀ နဲ့ အီးယူက ၁၃ ခု ဖြစ်ပုံရပါတယ်။ လက်ရှိမှာတော့ ယူကရိန်းကို ထောက်ခံတဲ့ အမာခံဆိုလို့ အမေရိကန်လွှတ်တော်နဲ့ အင်္ဂလန်ပဲရှိတော့ လောက်အောင် ကျန်နေတိုးနိုင်ငံတွေက စစ်ကနေ လက်ရှောင်ဖို့ ကြိုးစားနေကြပြီ ဖြစ်ပါတယ်။

> **“ယူကရိန်းလူဦးရေရဲ့ ၄၀ ရာခိုင်နှုန်း ပမာဏရှိတဲ့ ပြည်သူ ၁၄ ဒသမ ၆ သန်းဟာ အရေးပေါ်စားနပ်ရိက္ခာ အရေးတကြီးလိုအပ်နေပြီး အိမ်နီးချင်းနိုင်ငံတွေဆီ ရောက်နေတဲ့ ဒုက္ခသည် ၂ ဒသမ ၂ သန်းကလည်း အရေးပေါ်စားနပ်ရိက္ခာ ပြတ်လပ်နေပါတယ်။ အခြေခံအဆောက်အအုံတွေ ပျက်စီးဆုံးရှုံးရမှုတန်ဖိုးက ၂၀၂၃ နှစ်ကုန်အထိ USD ၁၅၂ သန်းပမာဏအထိ ရောက်ရှိသွားခဲ့ပါပြီ။ စစ်ကို မရပ်ဘဲ အမေရိကန်ရဲ့ အထောက်အပံ့သာဆက်မရရင် စစ်ရေးအရ အရေးပါတဲ့ အက်ဗီရက်ဗ်ကာ (Adveyevka) လို ယူကရိန်းမြို့ကြီးတွေနဲ့ လူ့အသက်တွေ သိန်းနဲ့ချီပြီး ဆက်လက်ဆုံးရှုံးနိုင်ခြေသာရှိနေ”**

**စစ်လိုလားသူ စစ်ဝါဒီတွေရဲ့အမူအကျင့်**

မိုက်တွင်းနက်ဆဲ ယူကရိန်းခေါင်းဆောင်တွေဟာ တိုက်ပွဲဖော်ဆောင်ဖို့သာ အားသန်နေကြပါတယ်။ ငြိမ်းချမ်းရေးကို ငြင်းပယ်ပြီး ကိုယ့်ပြည်တွင်း၊ ကိုယ့်ဒေသမှာ တိုက်ပွဲဖော်တယ်ဆိုတာ စစ်လိုလားတဲ့ စစ်ဝါဒီတွေရဲ့အလုပ်၊ စစ်သွေးကြွတွေရဲ့ အဓမ္မဝါဒသာဖြစ်ပါတယ်။ မြို့တွေ၊ ရွာတွေ အသိမ်းခံရ၊ အခြေခံအဆောက်အအုံတွေ ပျက်စီးကြေမွ ကိုယ့်လူတွေ၊ လူမျိုးတွေ ဆက်ပြီး သေကြ၊ ကျေကြဦးမှာ မမှုတဲ့သူတွေလောက် မိုက်တဲ့သူ ရှိပါ့မလား။

ယူကရိန်းစစ်ကို မလိုလားတဲ့ ရုရှားကတော့ နေတိုးကြောင့်ဖြစ်ရတဲ့စစ်ကို ညီအစ်ကိုချင်းဖြစ်တဲ့ စစ်ပွဲရယ်လို့သာ သတ်မှတ်ဆဲဖြစ်ပြီး ညီအစ်ကိုအချင်းချင်းပြေလည်အောင် ဖြေရှင်းလိုတဲ့ သဘောသာ ရှိပါတယ်။ ဒါပေမယ့် အဝိဇ္ဇာဖုံးနေတဲ့ ယူကရိန်းခေါင်းဆောင်တွေက ရုရှားကို ရန်သူလို့ပဲမြင်နေတာ ခက်တယ်။ နေတိုး ဇာတ်ညွှန်းအတိုင်း ကပြရတာဆိုတော့ အမှန်ကိုသိလည်း မသိချင်ယောင်ဆောင်နေမှာပါပဲ။ ယခုပဲကြည့်ပါ၊ စစ်ပြေငြိမ်းရေးအတွက် ရုရှားနဲ့ နိုင်ငံတကာက လမ်းဖွင့်ပေးတာတောင် မဖြစ်နိုင်တဲ့ တောင်းဆိုချက်တွေနဲ့ စစ်ကို ရပ်စဲချင်ပုံ မရသေးပါဘူး။

ယူကရိန်းနယ်မြေအားလုံးကနေ ရုရှားတပ်တွေ ပြန်ရုပ်သိမ်းဖို့နဲ့ ရုရှားကို စစ်ရာဇဝတ်မှု ကျူးလွန်သူအဖြစ် အရေးယူရမယ်ဆိုတဲ့ မဖြစ်နိုင်တဲ့ တောင်းဆိုချက်တွေကို တရားသေကိုင်စွဲပြီး သွေးရူးသွေးတမ်းတောင်းဆိုတဲ့ စစ်ရှုံးနေသူတို့ရဲ့ စစ်လိုလားပုံကို အထင်းသား တွေ့နေရတယ်။ ဖြစ်နိုင်၊ မဖြစ်နိုင်နဲ့ စစ်ရဲ့ဆိုးကျိုးတွေကို မသိသေးလောက်အောင်ကို မိုက်တွင်းနက်ကြသူတွေကို ကမ္ဘာပေါ်မှာ အများကြီး တွေ့နေရပါတယ်။ စစ်လိုလားသူ စစ်ဝါဒီ၊ စစ်သွေးကြွတွေဆိုတာ ဘယ်သူကဘယ်လို ငြိမ်းချမ်းရေးကို ဖိတ်ခေါ်သည်ဖြစ်စေ ဂရုမစိုက်ကြပါဘူး။ ကိုယ့်ပြည်သူ၊ ကိုယ့်လူမျိုး ဘယ်လောက်သေသေ၊ ဘယ်သူသေသေ ငတေမာပြီးရော အတ္တဆန်တဲ့ ကမ္ဘာ့လူမိုက်တွေထဲမှာ ဇာလန်စကီးတို့လို လူတွေလည်းပါတယ်။ ငြိမ်းချမ်းရေးကို ငြင်းဆန်သူ အတ္တကြီးတဲ့ အဖျက်သမားတွေကြောင့်ပဲ စစ်ပွဲတွေဟာ ကြာရှည်နေရခြင်းဖြစ်ကြောင်း လက်တွေ့မြင်နိုင်ပါတယ်။

**ယူကရိန်းစစ်ကို စိတ်နာနေကြပြီ**

ယူကရိန်းစစ်ကို စိတ်နာနေကြသူတွေထဲမှာ အီးယူပြည်သူတွက ရှေ့ဆုံးကဖြစ်ပြီး ယူကရိန်းပြည်သူတွေကိုယ်တိုင်လည်း စစ်ကိုရပ်ချင်နေကြပါပြီ။ သို့သော်လည်း ရုရှားကို အဆိုးမြင်တဲ့ အီးယူအစိုးရအချို့က လုံခြုံရေးအကူအညီတွေ ယူကရိန်းကို ဆက်လက်ထောက်ပံ့နေဆဲ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ နေတိုးအထောက်အပံ့ခံ လက်နက်တွေ မကြာခဏ ဖျက်ဆီးခံရတဲ့သတင်းတွေ တက်လာနေတယ်။ ဂျာမနီကထောက်ပံ့တဲ့ လီယိုပတ် တင့်ကားတွေ၊ ဆွီဒင်ထောက်ပံ့တဲ့ အမြောက်တွေ၊ အမေရိကန်တင့်ကားနဲ့ သံချပ်ကာယာဉ်တွေ၊ နောက်ဆုံးပေါ် လေကာစနစ်တွေဟာ ရုရှားလက်ချက်နဲ့ ပျက်စီးကုန်တာ တွေ့ရတယ်။ ဇာလန်စကီးဟာ သူ့အတ္တနဲ့အတူ မစားရတဲ့အမဲသဲနဲ့ ပက်သည့်အလား ဥရောပတိုက်ကို အဏုမြူလောင်တိုက်ထဲ တစ်ပါတည်း ခေါ်သွားလိုပုံလည်း ရတယ်။ ဒါကြောင့် ယူကရိန်းကို တပ်တွေစေလွှတ်ရေး အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီကလွဲပြီး တချို့နျူလက်နက်မရှိတဲ့ ဥရောပနိုင်ငံတွေက လက်တွန့်ရှောင်တိမ်းကြတဲ့ အနေအထားမှာ ဖြစ်ကုန်ပါပြီ၊

ဒါပေမယ့် အချို့နိုင်ငံတွေကတော့ ဒီလိုမဟုတ်ပါဘူး။ အာဖရိကအနောက်ပိုင်း နိုင်ဂျာပြည်သူတွေက နှင်ထုတ်လို့ ဆုတ်ခွာခဲ့ရတဲ့ ပြင်သစ်အထူးတပ်ဖွဲ့ဝင်အချို့ကို ယူကရိန်းဆီလွှတ်ပြီး အခြေခံအဆောက်အအုံတွေ ကာကွယ်ပေးဖို့နဲ့ ရုရှားထိုးစစ်ကို ဟန့်တားနိုင်ဖို့ ပြင်သစ်သမ္မတ မက်ခရွန်က ကြိုးစားနေပြန်ပါပြီ။ ယူကရိန်းအတွက် စည်းလုံးညီညွတ်ကြောင်း G7 လို နိုင်ငံတွေက ဆက်လက်ပြသနေကြပေမယ့် ယူကရိန်းဂယက်ဟာ အီးယူနိုင်ငံတွေရဲ့ တချို့သော အလွှာတွေအပေါ်မှာ ပို့ပြီးဆိုးကျိုးသက်ရောက်မှုရှိလာတာ တွေ့ရပါတယ်။ အီးယူအဖွဲ့ဝင် ဘယ်လ်ဂျီယံနဲ့ ပိုလန်နိုင်ငံက လယ်သမားတွေ ယူကရိန်းကို ဆန္ဒပြကြတာ တွေ့နေရတယ်။ ဘေးနိုင်ငံတွေဟာ ယူကရိန်းရဲ့ မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်ကို ပါးစပ်နဲ့ ထောက်ခံပြီး ဘယ်လို ကတိကဝတ်တွေပေးပေး အဆန်မပါတဲ့ အမြောက်လို သူတို့ကိုယ်တိုင်က အားမပါကြတာ တွေ့နေရပါတယ်။

**ဖြစ်သင့်တာတွေ**

လက်ရှိအခြေအနေအရတော့ ယူကရိန်းစစ်ရဲ့ အဓိကတရားခံ အမေရိကန်ကတော့ ယူကရိန်းစစ်ကနေ နောက်ဆုတ်မယ့် အခြေအနေဖြစ်လာနေပါပြီ။ နေတိုးနိုင်ငံအချို့လည်း ထိုနည်းလည်းကောင်း ဖြစ်မှာပါ။ ဘာတွေ့ရသလဲဆိုတော့ နိုင်ငံကို ဦးဆောင်တဲ့ နိုင်ငံခေါင်းဆောင်ဟာ နိုင်ငံရေးအမြင် တစ်ခုတည်း ရှိရုံနဲ့မရဘဲ စစ်ရေးအမြင်ပါ ရှိသင့်တယ်ဆိုတဲ့ အချက်ပါ။ ကိုယ့်ပြည်တွင်းရေးပဋိပက္ခမှာ ပါဝင်လှုပ်ရှားနေတဲ့ ဆန့်ကျင်ဘက်အဖွဲ့များဟာ သူများအားကိုးပြီး အမေကျော် ဒွေးတော်လွမ်းနေတာထက် ကိုယ့်ပြည်သူ၊ ကိုယ့်အင်အား၊ ကိုယ့်ပါတီ အဖွဲ့အစည်းအားကိုသာ အဓိကရယူပြီး ညှိနှိုင်းဖြေရှင်းသင့်တယ်ဆိုတဲ့အချက်ကို တွေ့ရပါတယ်။ ဒါပေမယ့် ယူကရိန်းပြည်သူတွေဆီမှာရှိရမယ့် မျိုးချစ်စိတ်ဓာတ်ကို မျှော်ကိုးလို့မရတော့တဲ့အခါ ပြည်ပအားကို မျှော်ရတဲ့ အခြေအနေပဲ ရောက်လာရပြန်တယ်။

တကယ်လို့ နိုင်ငံတကာအကူအညီရယူဖို့ လိုအပ်ခဲ့ရင်လည်း မိတ်ဆွေအစစ်အမှန်ကို ရှာဖွေပူးပေါင်းပြီး နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး ကစားတတ်သူများအကြား အဖြူအမည်း ခွဲခြားနိုင်စွမ်းရှိရပါမယ်။ ပြည်တွင်းက တလွဲဆံပင်ကောင်း မျိုးချစ်စိတ်ကင်းသူတွေ၊ မျက်ကန်းမျိုးချစ်စိတ်ရှိသူတွေအတွက် ဒေါင်းယောင်ဆောင်တဲ့ ကျီးမိုက်တွေက အနားမှာ အသင့်ရှိနေလို့ဖြစ်ပါတယ်။ အားလုံးဟာ သူများအရေးကနောက်၊ မိမိအမျိုးသား အကျိုးစီးပွားအရေးသာ ဦးစားပေးစဉ်းစားကြမဲ့ဆိုတာ ဇာလန်စကီးလို မျက်ကန်းမျိုးချစ်သမားတွေ သိထားသင့်ပါတယ်။ ဘယ်သူ့ကြောင့် ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာဆုံးရှုံးနေရသလဲ၊ ပြည်သူတွေရဲ့ အသက်တွေ၊ ဘဝတွေ ဘယ်သူ့ကြောင့် ဆုံးရှုံးနေရသလဲ၊ အဓိက ကြားညှပ်တာက ပြည်သူတွေပါ၊ အသိဉာဏ်မမဲ့သင့်ပါဘူး။

နောက်ထပ်အရေးကြီးတဲ့အချက်က ညီညွတ်ရေးဖြစ်ပါတယ်။ ပြည်ပနဲ့စစ်ဖြစ်နေတဲ့ အခြေအနေမှာ ညီညွတ်မှုကို မတည်ဆောက်နိုင်ရင် အဘက်ဘက်မှာ အင်အားချည့်နဲ့လာတတ်တာ စစ်ရဲ့ နောက်ဆက်တွဲ သဘောသဘာဝပါပဲ။ ဒီအချိန်မှာ ပွဲလန့်ဖျာခင်းဆိုသလို အခြားသော ပြည်ပရန်တွေကိုပါ ရင်ဆိုင်လာရတတ်ပါတယ်။ ယူကရိန်းအနောက်ဘက် အိမ်နီးချင်း ပိုလန်ဟာ နောက်ခံသမိုင်းကြွေးအရ ဆက်စပ်နေတဲ့ လူမျိုးရေးအပေါ် အခြေခံပြီး ယူကရိန်းအနောက်ပိုင်းကို ဝင်ရောက်သိမ်းပိုက်ချင်ပုံရတယ်။ ပိုလန်က ယူကရိန်းကို ကျူးကျော်ဖြစ်ရင် ပိုလန်ဘက်ကနေ နေတိုးက ထောက်ခံမယ့် အခြေအနေတွေလည်း ရှိပါတယ်။

> **❖ စစ်ပွဲတွေကို စိတ်ကူးယဉ်ဆန်ဆန် ရှုးသွပ်ကြတဲ့ နိုင်ငံရေးသမားတွေနဲ့ လက်နက်အားကိုးလူမိုက်တွေ ရှိနေသမျှ ငြိမ်းချမ်းရေးဆိုတာ ရဦးမှာ မဟုတ်သလို ငြိမ်းချမ်းမှုကို လိုလိုလားလားနဲ့ ငြိမ်းချမ်းစွာ အဖြေရှာရေးလက်ကိုင်ပြီး ကိုယ့်တိုင်းပြည်၊ ကိုယ့်နယ်မြေ၊ ကိုယ့်လူမျိုးကို မထိခိုက်ချင်သူတွေနဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဆက်ပြီး ဖြစ်နေဦးမှာ သေချာပါတယ်**

*စာမျက်နှာ ၁၁ သို့*

## မကွေးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် အင်အားဖြည့်ရိက္ခာထောက်ပံ့

မကွေး မတ် ၆

**မကွေးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် အင်အားဖြည့်ရိက္ခာ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။** (ယာပုံ)



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအတွင်းရှိ တပ်မတော်သားများအနေဖြင့် တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများတွင် နေ့/ညမပြတ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ရှေ့ဆုံးက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သလို ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်လည်း အင်ပြည့်အားပြည့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးတာဝန်ကို ဦးထိပ်ပန်ဆင်ပြီး မိမိတို့ရဲ့အသက်ကို ပဓာနမထားဘဲ တာဝန်ထမ်းဆောင်နေကြသူများလည်း ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ သတင်းမျိုးစုံ အကန့်အသတ်မရှိ ထွက်ပေါ်နေပြီး အချို့သတင်းမီဒီယာများအနေဖြင့် မိမိတို့နိုင်ငံကို အမှောင်ထဲသို့ကျအောင် ချောက်ချလျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် သတင်းတု၊ သတင်းမှားများကို ခွဲခြားသိရှိရှောင်ရှားပြီး သတင်းမှန်များကို ကောင်းမွန်စွာ အသုံးချတတ်စေလိုကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍လည်း မိမိကိုယ်တိုင် သိရှိနားလည်ပြီး အခြားသူများကိုလည်း ထပ်ဆင့်မျှဝေ ရှင်းလင်းအသိပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသော မကွေးတပ်နယ်၊ တောင်တွင်းကြီးတပ်နယ်၊ စလင်းတပ်နယ်၊ ပဒါန်းတပ်နယ်၊ မလွန်တပ်နယ်၊ သရက်တပ်နယ်တို့အတွက် ဆန်(၁၂)ပြည် အိတ် ၄၈၀၊ ဆီပိဿာ ၁၈၀၊ ဆီချက်ခေါက်ဆွဲထုပ် ၄၅၀၀၊ Royal-D ဘူး ၁၄၄၀၊ အာလူးပိဿာ ၁၈၀ တို့ကို တပ်မတော်သားများအတွက် ထောက်ပံ့ပေးအပ်ခဲ့ရာ သက်ဆိုင်ရာ တပ်နယ်မှူးများနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

## ဘားအံ၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဘားအံ မတ် ၆**

ကရင်ပြည်နယ်၏ မြို့တော် ဘားအံမြို့တွင် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မတ် ၅ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။



အစည်းအဝေးတွင် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့်အညီ ယခင်နှစ်များထက် ပိုမိုထူးခြားစည်ကားစွာ ကျင်းပသွားမည်ဖြစ်ပြီး ကြိုတင်ဆောင်ရွက်မည့် အစီအမံများကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးများက မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ယိမ်းအကပြိုင်ပွဲနှင့် တပင်တိုင်အကပြိုင်ပွဲကို ကိုယ်ပိုင်သံစဉ်နှင့် Copy သံစဉ်ဟူ၍ နှစ်မျိုး ထည့်သွင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များ အချိန်ယူကြိုတင်ပြင်ဆင်ထားနိုင်ရေး၊ ဗဟိုမဏ္ဍပ်၊ ဝန်ကြီးဌာန မဏ္ဍပ်များနှင့် ရပ်ကွက်/ကျေးရွာ ရေကစားမဏ္ဍပ်များ စနစ်တကျတည်ဆောက်၍ မဏ္ဍပ်ပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပကာ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သွားနိုင်ရေး၊ ခေမာလမ်းနှင့် အင်ကုန်းလမ်းကြား ပေ ၁၀၀၀ ကို လမ်းလျှောက် သင်္ကြန်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲနိုင်ရေး၊ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲများ ကျင်းပနိုင်ရေး အစရှိသည့် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု တင်ပြဆွေးနွေးခဲ့ကြသည်။

ထိုသို့ တင်ပြဆွေးနွေးချက်များအပေါ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့၌ နွေရာသီအားကစားသင်တန်း ၁၈ မျိုး ဖွင့်လှစ်လျက်ရှိရာ ကျောင်းသား ကျောင်းသူ ၁၂၀၀ ကျော် တက်ရောက်

**မြစ်ကြီးနား မတ် ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်နှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးကြံ့ခိုင်သည့် မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ နွေရာသီအားကစားသင်တန်း ၁၈ မျိုး ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ ၁၂၀၀ ကျော် တက်ရောက်လျက်ရှိကြောင်း သိရသည်။

နွေရာသီအားကစားသင်တန်းများတွင် ဘောလုံး၊ ဘော်လီဘော၊ အေရိုးဗစ်/ Fitness Dance၊ တိုက်ကွမ်ဒို၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ မြန်မာ့သိုင်း၊ ဂျူဒို၊ ပြေး/ခုန်/ပစ် စတဲ့အားကစားနည်းပေါင်း ၁၈ မျိုးကို နည်းပြအင်အား ၁၀၀ ဝန်းကျင်ဖြင့် ဖွင့်လှစ်သင်ကြား ပို့ချပေးလျက်ရှိကြောင်း ကချင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးအောင်သူထံမှ သိရသည်။

အဆိုပါ နွေရာသီအားကစားသင်တန်းများကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဘောလုံးအားကစားကွင်းများ၊ မိုးလုံလေလုံ အားကစားကွင်းများ၊ သတ်မှတ်နေရာ အသီးသီးတွင် မတ် ၁ ရက်မှ ဧပြီ ၇ ရက်အထိ နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်တန်းများတွင် အသက် ခြောက်နှစ်မှ အသက် ၂၀ အတွင်းရှိ ကျောင်းသား ကျောင်းသူများ လာရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ယော်ဆောင်**
**(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

အချက်အလက်တွေအရတော့ ယူကရိန်းမှာ ငြိမ်းချမ်းရေးရဖို့သင့်နေပါပြီ။ နိုင်ငံတကာ ပြည်သူတွေကလည်း ဒါကိုပဲ လိုချင်တာပါ။ ငြိမ်းချမ်းရေး မရဘဲနဲ့ အပျက်အစီးတွေကို ဘယ်လိုပြန်လည်ထူထောင်နိုင်ပါ့မလဲ၊ ဘဝတွေ နောက်ထပ်မဆုံးရှုံးရအောင် ပြန်တည်ဆောက်ရမယ့် ငြိမ်းချမ်းရေး သော့ချက်က ဇာလန်စကီးခေါင်းဆောင်တဲ့ ယူကရိန်းခေါင်းဆောင်တွေမှာပဲ ရှိပါတယ်။

နေတိုးထဲဝင်မယ့် မိုက်ရူးရဲဆုံးဖြတ်ချက်ကြောင့် ယူကရိန်းဟာ နေတိုး proxy ဖြစ်ခဲ့ရ အပြီးမှာ ယခုနောက်ပိုင်းကမ္ဘာ့အရေးများမှာ အမေရိကန်ရဲ့ အရိပ်အောက်မှာနေပြီး အေးချမ်းနေတဲ့နိုင်ငံဆိုလို့ မရှိသလောက် နည်းပါးလာတာတွေ့ရပါတယ်။ ကမ္ဘာ့ပါဝါအသစ်တွေကို မြင်နိုင်စွမ်းရှိရပါမယ်၊ ဒီအချက်ကို မမှန်းဆနိုင်လောက်အောင် အထူးစစ်ဆင်ရေးခေါင်းစဉ်အောက်က ရုရှားရဲ့ ကန့်သတ်စစ်ကို ပိုပြီးကျယ်ပြန့်သွားအောင် ချဲ့ကားမိနေတဲ့ ယူကရိန်းခေါင်းဆောင်တွေရဲ့ အမြော်အမြင်နည်းမှုက အံ့သြစရာပါ။ ဒါကပဲ ယူကရိန်းခေါင်းဆောင်အတွက် နိုင်ငံရေးထွက်ပေါက်တစ်ခုအလား ထင်ရပါတယ်။

ဖြစ်သင့်တာက ယူကရိန်းခေါင်းဆောင်တွေအနေနဲ့ ယခုအချိန်မှာ အပစ်အခတ်ရပ်စဲပြီး ပဋိပက္ခလျှော့ကျအောင် ကြိုးစားအဖြေရှာသင့်ပြီလို့ မြင်မိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတစ်နိုင်ငံမှာ ခေါင်းဆောင်လုပ်သူဟာ နိုင်ငံရေးအမြင်၊ စစ်ရေးစီးပွားရေးအမြင်တွေနဲ့အတူ အားကောင်းတဲ့ အနာဂတ်အမြင်ပါ ရှိသင့်တဲ့အပြင် နိုင်ငံရေးသမားတွေနဲ့ အစိုးရ၊ တပ်မတော်နဲ့ပြည်သူများဟာလည်း ညီညီညွတ်ညွတ်ရှိရပါမယ်။ ပြည်သူနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေမှာ စည်းလုံးညီညွတ်မှုကမရှိ ခိုင်မာအားကောင်းခြင်းလည်းမရှိရင် ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါ စသဖြင့် အခြားအခြားသော နိုင်ငံတွေရဲ့ ခြယ်လှယ်စွက်ဖက်တာ ခံရတတ်ပါတယ်။

စစ်ပွဲတွေကို စိတ်ကူးယဉ်ဆန်ဆန် ရှုးသွပ်ကြတဲ့ နိုင်ငံရေးသမားတွေနဲ့ လက်နက်အားကိုးလူမိုက်တွေရှိနေသမျှ ငြိမ်းချမ်းရေးဆိုတာ ရဦးမှာမဟုတ်သလို ငြိမ်းချမ်းမှုကို လိုလိုလားလားနဲ့ ငြိမ်းချမ်းစွာ အဖြေရှာရေးလက်ကိုင်ပြီး ကိုယ့်တိုင်းပြည်၊ ကိုယ့်နယ်မြေ၊ ကိုယ့်လူမျိုးကို မထိခိုက်ချင်သူတွေနဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဆက်ပြီးဖြစ်နေဦးမှာ သေချာပါတယ်။ ဒီလိုလူတွေရှိနေတဲ့ ယူကရိန်းက ပြည်သူတွေရဲ့ ဘဝဟာ အလွန်သနားစရာကောင်းလှပါတယ်။ ယခုအခြေအနေတွေအရတော့ အမေရိကန်ရဲ့လက်ကိုင်ရုပ်သေး ဇာလန်စကီးဟာ သူ့ရဲ့ နေတိုးအဖွဲ့ဝင်အိပ်မက်လည်းပျက်၊ နိုင်ငံရေးဘဝလည်းဆုံး၊ နယ်မြေလည်းဆုံး၊ လူလည်းသုဉ်း၊ မြွေပါလည်းဆုံး၊ သားလည်းဆုံး ဘဝအခြေဆိုက်ရောက်နေရပါပြီ။ ယူကရိန်းခေါင်းဆောင်တွေအနေနဲ့ နိုင်ငံနဲ့ပြည်သူကို တန်ဖိုးထားရကောင်းမှန်း သိလာမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်ကိုပဲ အကောင်းဆုံးမျှော်လင့်ပြီး သူ့ပြည်သူတွေအတွက် အမြန်ငြိမ်းချမ်းရေးရပါစေကြောင်းသာ ဆုတောင်းမိပါတော့တယ်။ ။

# မြဝတီကုန်သွယ်ရေးဇုန်မှ ကြက်သွန်နီ၊ ငရုတ်နှင့် ချုပ်ပြီးအထည်များ တင်ပို့




မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် ပို့ကုန်ပစ္စည်းများမှာ မတ် ၄ ရက်တွင် ကြက်သွန်နီ ၁၂၆၂ ဒသမ ၁၆၀ တန်၊ ငရုတ်(အခြောက်) ၂၀၄ ဒသမ ၉၆၄ တန်၊ ချုပ်ပြီးအဝတ်အထည် (CMP) ၂၄၁၄၄ တန်၊ ပီလောပီနံ(အခြောက်) ၇၀၂ တန်၊ ငရုတ်(အစို) ၉၁ ဒသမ ၁၅ တန်နှင့် ပလတ်စတစ်ဖြတ်စ ၁၇ တန်တို့ ဖြစ်သည်။

မတ် ၄ ရက်တွင် အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း၊ ပလတ်စတစ်ကုန်ကြမ်းများ၊ ပရိဘောဂပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ ဘက်ထရီပစ္စည်းများ၊ စက်နှင့် စက်အပိုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အခြားစက္ကူများ၊ လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများဖြစ်ကြောင်း သိရသည်။

**DOT (မြဝတီ)**

# ကျောက်ဆည်ခရိုင် နနွင်းဈေးနှုန်းဈေးကွက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း၌ နနွင်းများကို ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ တူးဖော်လျက်ရှိရာ ယခုအချိန်တွင် နနွင်းများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ နနွင်းများ စတင်တူးဖော်ချိန်တွင် ဈေးနှုန်းများကောင်းမွန်လျက်ရှိပြီး တောဝယ်နနွင်းအစို တစ်တင်းလျှင် ကျပ် ၁၂၅၀၀-၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်၍ နနွင်းဈေးနှုန်းများ အနည်းငယ်ကျဆင်းလာပြီး ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် တောဝယ်နနွင်းတက်အစို တစ်တင်းလျှင် ကျပ် ၁၁၂၀၀ ဖြင့်လည်းကောင်း၊ နနွင်းတက်အခြောက် တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ဖြင့်လည်းကောင်း၊ နနွင်းမှုန့် တစ်ဘူးလျှင် ကျပ် ၁၀၀၀-၁၂၀၀ ဖြင့်လည်းကောင်း စသည့်ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် နနွင်းများကို ပွဲစားများမှ အခင်းအရောက် လာရောက်ဝယ်ယူ၍ အခြောက်ခံကာ မြို့ပေါ်ပွဲရုံများသို့ တင်ပို့ရောင်းချသကဲ့သို့ အချို့ပွဲစားများမှာလည်း နနွင်းတက်အခြောက်များကို သိုလှောင်ထားပြီး ဈေးနှုန်းမြင့်တက်ချိန်မှသာလျှင် ရောင်းချကြကြောင်း၊ နနွင်းတက်များကို ပွဲရုံများမှ တစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**DOCA (မန္တလေး)**

# ရွှေဘိုဈေးကွက်၌ ပဲစင်းငုံ(နီ)များ ဈေးနှုန်းအနည်းငယ်ကျဆင်း

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုဈေးကွက်သို့ ဇန်နဝါရီလ ဒုတိယပတ်မှစတင်၍ ပဲစင်းငုံ(နီ၊ဖြူ) များ စတင်ဝင်ရောက်ခဲ့သော်လည်း ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ပဲစင်းငုံ(နီ) တစ်မျိုးသာ ဝင်ရောက်ခဲ့ကြောင်း၊ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းအနေဖြင့် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ကျပ် ၁၁၅၀၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ တင်း ၁၈၀၀၀၊ တန်အားဖြင့် ၅၈၈ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဖေဖော်ဝါရီလ တတိယပတ်နှင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ် ဈေးနှုန်းများ နှိုင်းယှဉ်ပါက ဖေဖော်ဝါရီလ တတိယပတ်တွင် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ကျပ် ၁၂၂၆၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ကျပ် ၇၆၀၀ ဈေးလျော့နည်းခဲ့ကြောင်း၊ ပဲစင်းငုံသီးနှံများ အဝင်များ၍ ဈေးနှုန်းကျဆင်းရခြင်းဖြစ်ပြီး ဝင်ရောက်သမျှ ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

# ရွှေဘိုဈေးကွက်သို့ မြေပဲလုံးဆန်များ စတင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုဈေးကွက်သို့ မြေပဲလုံးဆန်(ဖြူ)များ ဖေဖော်ဝါရီလ တတိယပတ်မှစတင်၍ ဝင်ရောက်လျက်ရှိကြောင်း၊ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများအနေဖြင့် မြေပဲလုံးဆန်(ဖြူ) တစ်တင်းလျှင် ကျပ် ၁၁၇၆၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း တင်း ၄၅၀၀၊ တန်အားဖြင့် ၁၀၃ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဖေဖော်ဝါရီလ တတိယပတ်နှင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ် ဈေးနှုန်းများနှိုင်းယှဉ်ပါက ဖေဖော်ဝါရီလ တတိယပတ်တွင် မြေပဲလုံးဆန်(ဖြူ) တစ်တင်းလျှင် ကျပ် ၁၁၈၄၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် မြေပဲလုံးဆန်(ဖြူ) တစ်တင်းလျှင် ကျပ် ၈၀၀ ဈေးနှုန်းလျော့နည်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

# ကျောက်ဆည်၌ ကျားခေါင်းငရုတ်သီးများ စတင်ထွက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ငရုတ်သီးနှံကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဧက ၅၈၁၀ စိုက်ပျိုးထားရှိကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငရုတ်သီးနှံ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ကေလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်းကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ ငရုတ်မျိုးများအနေဖြင့် ၆၉၂ ငရုတ်မျိုးနှင့် ကျားခေါင်းမျိုးများကို အများဆုံး စိုက်ပျိုးကြပြီး ယခုအချိန်တွင် ကျားခေါင်းငရုတ်သီးများ စတင်ထွက်ပေါ်လျက်ရှိကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ငါးရက်ခြားတစ်ကြိမ် ခူးဆွတ်မှုမှာ ၁၀ တင်းနှုန်း၊ ပိဿာအားဖြင့် ၈၀ ခန့် ထွက်ရှိပြီး ငရုတ်သီးအစို တစ်ပိဿာလျှင် ကျပ် ၂၃၀၀-၂၄၀၀ ဈေးနှုန်းများဖြင့် ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် ငရုတ်သီးအစိုများကို ငရုတ်စိုက်ခင်းများအထိ လာရောက်ဝယ်ယူမှုများရှိသကဲ့သို့ နီးစပ်ရာပွဲရုံများသို့လည်း တင်ပို့ရောင်းချကြကြောင်း၊ ငရုတ် စတင်ထွက်ပေါ်ချိန်မှ ငရုတ်သီးအခင်းဖျက်သိမ်းချိန်အထိ ပိဿာ ၈၀၀-၉၀၀ အထိ ထွက်ရှိနိုင်ပြီး ငရုတ်သီးအရည်အသွေးနှင့် ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ငရုတ်စိုက်တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**DOCA(မန္တလေး)**

## ၆-၃-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော့မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ" | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၃၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၇၅၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၃၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၉၀၀ | ၁၃၀၀၀ | ၃၃၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၂၁၅ | ၁၆၀၀၀ | ၃၅၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၁၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၅၉၀၀ | ၁၃၅၀၀ | ၃၅၀၀ | ၁၉၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၅၉၅၀ | ၁၃၅၀၀ | ၃၆၀၀ | ၁၉၆၀၀ | ၁၂၀၀၀ | ၈၂၀၀ | ၆၄၀၀ | ၁၀၀၀ | ၉၂၀၀ | ၆၉၀၀ | ၄၄၀၀ | ၃၄၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၄၁၅ | ၁၅၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၂၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၃၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၈၀၀ | ၄၀၀၀ | ၂၉၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၆၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၀၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | | ၆၈၀၀ | ၁၄၀၀၀ | ၆၀၄၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၂၆၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၂၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၆၅၀ | ၁၅၀၀၀ | ၂၇၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၆၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၃၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၆၅၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၈၀၀ | ၄၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ယီမင်အခြေစိုက် ဟူသီစစ်သွေးကြွအုပ်စု ပင်လယ်နီရှိ အမေရိကန်စစ်သင်္ဘောများကို ဒုံးကျည်များ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်

ဝါရှင်တန် မတ် ၆

**ယီမင်အခြေစိုက် ဟူသီစစ်သွေးကြွအုပ်စုသည် မတ် ၅ ရက်တွင် ပင်လယ်နီရှိ အမေရိကန်စစ်သင်္ဘောများကို ဒုံးကျည်များ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။**




ဟူသီစစ်သွေးကြွအုပ်စုသည် အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်နှင့် စည်းလုံးညီညွတ်ကြောင်း ပြသကာ နိုဝင်ဘာလနောက်ပိုင်းတွင် ပင်လယ်နီ၌ ဖြတ်သန်းခုတ်မောင်းသော ကုန်တင်သင်္ဘောများကို အကြိမ်ကြိမ် တိုက်ခိုက်လျက်ရှိသည်။

ယခုလတွင် ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခံခဲ့ရပြီး အမေရိကန်နှင့်ဗြိတိန်တို့၏ ရေတပ်သင်္ဘောများလည်း တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

စစ်သွေးကြွများသည် အမေရိကန်ဖျက်သင်္ဘောနှစ်စင်းကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုလုပ်ဆောင်ခြင်းဖြစ်ကြောင်း မတ် ၅ ရက်တွင် ဟူသီပြောရေးဆိုခွင့်ရှိသူတစ်ဦးက လူမှုကွန်ရက်ပေါ်တွင် တင်ခဲ့သည်။

သင်္ဘောဖျက်ပဲ့ထိန်းဒုံးကျည်တစ်စင်းနှင့် ဒရုန်းသုံးစင်းကို USS Carney ဖျက်သင်္ဘောရှိရာသို့ ပစ်လွှတ်ခဲ့ကြောင်း၊ သို့သော်လည်း အားလုံးကိုပစ်ချနိုင်ခဲ့ကြောင်း အမေရိကန်ဗဟိုဌာနချုပ်က မတ် ၅ ရက်တွင် ပြောသည်။

သင်္ဘောပျက်စီးထိခိုက်မှုမရှိကြောင်း၊ ဒုံးကျည်နှင့် ဒရုန်းများသည် ဟူသီထိန်းချုပ်သောဒေသမှ ပစ်လွှတ်ခြင်းဖြစ်ကြောင်း အမေရိကန်ဗဟိုဌာနချုပ်က ပြောသည်။ **အင်န်အိတ်ချ်ကေ**




## ဂျာမနီနိုင်ငံရှိ တက်စလာကားစက်ရုံအနီး ရှို့မီးသံသယဖြစ်ရပ်ကြောင့် စက်ရုံပိတ်ထားရ

ဘာလင် မတ် ၆

ဂျာမနီနိုင်ငံရှိ တက်စလာ ကားစက်ရုံအနီး၌ မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းများ ရပ်နားထားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုမှာ ရှို့မီးဟုသံသယရှိသည့်အတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု ဒေသခံရဲတပ်ဖွဲ့က ပြောသည်။ တက်စလာကားစက်ရုံသည် ဂျာမနီနိုင်ငံအရှေ့ပိုင်းရှိ ဘရန်ဒန်ဘာ့ဂ်၌ တည်ရှိပြီး မတ် ၅ ရက်က မီးလောင်မှုကြောင့် လျှပ်စစ်တာဝါတိုင် ပျက်စီးခဲ့ရပြီး လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်၍ လုပ်ငန်းလည်ပတ်မှုကို ရပ်နားထားရသည်။

စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများ အနှောင့်အယှက်ဖြစ်စေရန် လက်ဝဲစွန်းရောက် သဘာဝပတ်ဝန်းကျင်တက်ကြွလှုပ်ရှားမှုအုပ်စုက မီးစတင်ရှို့ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံမီဒီယာများတွင် ဖော်ပြသည်။

၂၀၂၁ ခုနှစ်ကလည်း တက်စလာစက်ရုံရှိရာနေရာ၌ ဓာတ်အားပေးစက်ရုံကို အဆိုပါအုပ်စုကပင် မီးရှို့မှုပြုလုပ်ခဲ့သည်ဟု ပြည်နယ်အာဏာပိုင်များက ပြောသည်။ အဆိုပါစက်ရုံ တည်ရှိရာနေရာမှာ ဥရောပတွင် တက်စလာ၏ ပထမဆုံးထုတ်လုပ်ရေးနေရာလည်းဖြစ်သည်။

ယင်းစက်ရုံတွင် လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် လူပေါင်း ၁၂၀၀၀ ကျော် အလုပ်လုပ်ကိုင်လျက်ရှိသည်။ လာမည့်ရက်အနည်းငယ်ကြာသည်အထိ ဓာတ်အားရရှိမှုတွင် အဟန့်အတားများရှိနေဦးမည်ဟု စက်ရုံအာဏာပိုင်များကပြောသည်။ ယခုသီတင်းပတ်အတွင်း ထုတ်လုပ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ဦးမည်မဟုတ်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

## အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း သေဆုံးသူအရေအတွက် ၃၀၇၁၇ ဦးအထိ မြင့်တက်လာ

ဂါဇာ မတ် ၆

အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်း သေဆုံးသူအရေအတွက်မှာ ၃၀၇၁၇ ဦးအထိ မြင့်တက်လာပြီး အခြား ၇၂၁၅၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက မတ် ၆ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၈၆ ဦး သေဆုံးပြီး အခြား ၁၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေး-ဟားမားစ်ပဋိပက္ခ စတင်ဖြစ်ပွားကတည်းက ပါလက်စတိုင်း သေဆုံးသူပေါင်း ၃၀၇၁၇ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၇၂၁၅၆ ဦးအထိ ရှိလာခြင်းဖြစ်သည်။

အစ္စရေးသည် ဂါဇာကမ်းမြောင်ရှိ ဟားမားစ်တို့အပေါ် အကြီးစား ထိုးစစ်ဆင်မှု ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## အပူလှိုင်းကျရောက်နိုင်မှုနှင့်ပတ်သက်ပြီး ဇင်ဘာဘွေမိုးလေဝသကျွမ်းကျင်သူများ သတိပေး

ဟာရာရီ မတ် ၆

မတ် ၆ ရက်မှ ၁၂ ရက်အထိ အပူချိန် ၃၆ ဒီဂရီဆဲလ်စီးယပ်စ်မှ ၄၁ ဒီဂရီဆဲလ်စီးယပ်စ်အထိ နိုင်ငံအတွင်း အပူလှိုင်း ကျရောက်နိုင်မှုနှင့် ပတ်သက်ပြီး ဇင်ဘာဘွေမိုးလေဝသ ကျွမ်းကျင်သူများက သတိပေးထားသည်။



ဇင်ဘာဘွေနှင့် အာဖရိကတောင်ပိုင်းဒေသအများအပြားမှာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များ၏ အကျိုးဆက်များနှင့် ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း သိရသည်။ အပူဒဏ်ကြောင့် ရုတ်တရက် သေဆုံးခြင်းအပါအဝင် ကျန်းမာရေး နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည့်အတွက် နေရောင်အောက်တွင် အချိန်ကြာမြင့်စွာ နေထိုင်မှုကို ရှောင်ရှားရန်နှင့် ရေဓာတ်မဆုံးရှုံးစေရန် ပြည်သူများကို မိုးလေဝသဌာနက အကြံပြုထားသည်။

ထိုကာလတွင် နေရာကွက်ကျား ထစ်ချုန်းမိုးများလည်း ရွာသွန်းနိုင်ကြောင်း အဆိုပါ ဌာနက ပြောသည်။

**ဆင်ဟွာ**

## အမေရိကန် မောင်းသူမဲ့လေယာဉ်များ ရုံဖန်ရုံခါ အာဖဂန်လေပိုင်နက်သို့ ချိုးဖောက်ဝင်ရောက်ဟုဆို

ကဘူးလ် မတ် ၆

အမေရိကန်၏ မောင်းသူမဲ့လေယာဉ်များသည် ရုံဖန်ရုံခါ အာဖဂန်လေပိုင်နက်သို့ ချိုးဖောက်ဝင်ရောက်လာသည်ဟု အာဖဂန်တပ်ဖွဲ့အကြီးအကဲဖြစ်သူ ကာရီဖာဆီဟူဒင်ဖီထရက်က စွပ်စွဲပြောဆိုခဲ့သည်။

အမေရိကန်ပိုင် ဒရုန်းများသည် အာဖဂန်လေပိုင်နက်သို့ ချိုးဖောက် ဝင်ရောက်မှုများရှိပြီး အာဖဂန်၏ လေပိုင်နက်ကို အမေရိကန်များ စိုးမိုးနေဆဲဖြစ်သည်ဟု မတ် ၆ ရက်က ပြည်တွင်းမီဒီယာတစ်ခုနှင့်တွေ့ဆုံစဉ် အာဖဂန်တပ်ဖွဲ့ အကြီးအကဲက ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန် ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့သည် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် အာဖန်နစ္စတန်မြေမှ ထွက်ခွာခဲ့ပြီး နှစ်ပေါင်း ၂၀ ကြာ အာဖဂန်စစ်ရေးတွင် ပါဝင်မှုကို အဆုံးသတ်ခဲ့သည်။ အာဖဂန်တပ်ဖွဲ့ဝင် အင်အားမှာလည်း ၅၀၀၀၀၀ အထိ တိုးမြှင့်လာပြီး အဆိုပါ တပ်ဖွဲ့ဝင်အင်အားတွင် ရဲများ၊ ထောက်လှမ်းရေးများလည်း ပါဝင်သည်ဟု ၎င်းက ဆက်ပြောသည်။

အာဖဂန်အစိုးရ၌ လက်ရှိတွင် အင်အား ၁၇၂၀၀၀ ရှိသည့် အမျိုးသားတပ်ဖွဲ့ရှိပြီး အင်အား ၂၀၀၀၀၀ အထိ တိုးလာအောင် ကြိုးပမ်းမှုများ လုပ်ဆောင်နေသည်ဟုလည်း ၎င်းက ဆက်ပြောသည်။ **ဆင်ဟွာ**

## အယ်လ်နီညိုကြောင့် ဖိလစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း အမေရိကန် ဒေါ်လာ ၁၈ ဒသမ ၉ သန်းအထိ ထိခိုက်

မနီလာ မတ် ၆

အယ်လ်နီညိုခြောက်သွေ့မှုနှင့် မိုးခေါင်မှုတို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉ သန်းခန့် ထိခိုက်ခဲ့ပြီး ယခုနှစ် ဒုတိယသုံးလပတ်အထိ ရာသီဥတုပြောင်းလဲမှုမှာ ဆက်လက်ရှိနေဦးမည်ဟု ဖိလစ်ပိုင်အစိုးရက မတ် ၆ ရက်တွင် ပြောသည်။

အယ်လ်နီညိုသက်ရောက်မှုကို လယ်သမား ၂၃၀၀၀ ကျော် ထိခိုက်ခံစားရပြီး စိုက်ပျိုးမြေဟက်တာပေါင်း ၁၈၀၀၀ နီးပါး ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု အမျိုးသားသဘာဝဘေးလျှော့ပါးရေးနှင့် စီမံခန့်ခွဲမှုကောင်စီက ပြောသည်။ ပြီးခဲ့သည့်နှစ် ဇူလိုင်လမှစတင်၍ အယ်နီညိုဖြစ်စဉ် စတင်ကြောင်း အမျိုးသားမိုးလေဝသဗျူရိုက ကြေညာခဲ့သည်။

အယ်လ်နီညိုဖြစ်စဉ်သည် ၂၀၂၄ ခုနှစ် မတ်၊ ဧပြီနှင့် မေအထိ ဆက်လက်တည်ရှိနိုင်ကြောင်း အကြံပြုထားသည်။ အယ်လ်နီညိုရာသီဥတုကြောင့် အစားအသောက်ဈေးကွက်အပေါ် သက်ရောက်မှုရှိလာမည်ကို စိုးရိမ်ကြောင်း အမျိုးသားစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူးဖြစ်သူ အာစီနီယို ဘာလီစာကန်က ပြောသည်။

အစိုးရသည် အယ်လ်နီညိုဖြစ်စဉ်၏ အကျိုးဆက်များကို လျှော့ပါးသက်သာစေရေးနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို သတ်မှတ်ထားသည့် နှုန်းထားအတွင်း ထိန်းထားနိုင်ရေး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု ၎င်းက ဆက်ပြောသည်။ **ဆင်ဟွာ**

# ပဲခူးမြို့၊ ကဝမြို့နှင့် သနပ်ပင်မြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



**နေပြည်တော် မတ် ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ကဝမြို့နှင့် သနပ်ပင်မြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက ပဲခူးမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မော်လိုက်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် မတ် ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) မှ ဖျော်ဖြေရေးအဖွဲ့များက တိုင်းစစ်ဌာနချုပ် အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် တပ်နယ်များအလိုက် နယ်မြေခံတပ်ရင်း ဌာနချုပ်များသို့ အလှည့်ကျ သွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။



**သီဆိုကပြဖျော်ဖြေ**

ထိုသို့ သွားရောက်ဂုဏ်ပြုဖျော်ဖြေလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေး အဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက မော်လိုက်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြသည်။ ထိုကဲ့သို့လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ညှေ့ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းတော်၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေး

**အင်းတော် မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို မတ် ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ဂရိန်က ပြည်သူ့စစ်မှုထမ်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲဗလလှတင့်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးဇော်နိုင်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေပါ အကြောင်းအရာများကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်ဥပဒေအရာရှိတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မုံရွာမြို့နယ် ခိုးသန်းကျေးရွာ ဒုတိယအကြိမ် မီးရှို့ခံရပြီး အိမ်ခြေတစ်ရာနီးပါး ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခိုးသန်းကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁ ရက်နှင့် ၅ ရက်တို့တွင် ဝင်ရောက်မီးရှို့ခဲ့ခြင်းကြောင့် အိမ်ခြေတစ်ရာနီးပါးပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် တစ်ဖက်သတ်စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းရက်များတွင် ခိုးသန်းကျေးရွာနှင့် အနီးတစ်ဝိုက်တို့တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ခြင်း၊ သွားရောက်ခဲ့ခြင်းများ မရှိကြောင်းနှင့် ဒေသခံပြည်သူအချို့၏ သတင်းပေးပို့မှုအရ မတ် ၄ ရက်တွင် အဆိုပါကျေးရွာသို့ PDF အကြမ်းဖက်အဖွဲ့များ ရောက်ရှိလာခဲ့ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နယ်မြေလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကိုလည်း ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အထင်အမြင်လွဲမှားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## တပ်မတော်က ဓာတုဗုံးအသုံးပြုပြီး ကနီမြို့ကိုတိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့ကို မတ် ၅ ရက်က တပ်မတော်မှ ဓာတုဗုံးအသုံးပြုပြီး တိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပြည်သူများ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန်ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။



အဆိုပါသတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ကနီမြို့ကို တပ်မတော်မှ ဓာတုဗုံးအသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ယခင်တိုက်ပွဲများတွင်လည်း ၎င်းတို့ ထိခိုက်သေဆုံးမှုများပြားသည့် အချိန်များတွင် ထိုကဲ့သို့ တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် ဓာတုဗုံးများနှင့် အဆိပ်ငွေ့ဗုံးများကို တပ်မတော်မှ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၄၄ ဒသမ ၃၂၂၀ တန်၊ သစ်မာ ၁၅ ဒသမ ၉၆၉၀ တန်၊ အခြား ၇၉ ဒသမ ၁၆၃၃ တန် စုစုပေါင်း ၁၃၉ ဒသမ ၄၅၄၃ တန်၊ ယာဉ်/ ယန္တရားလေးစီး၊ တရားခံ ကိုးဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

*၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အကြိုဂုဏ်ပြုဆောင်းပါး*

# အမျိုးသမီးများဘဝ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး

ကိုဘုန်း

**ကမ္ဘာပေါ်ရှိ တိုင်းပြည်အများစုတွင် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေ ပိုမိုများပြားလျက်ရှိသည်။ ဤသို့အမျိုးသမီးဦးရေ များပြားလာမှုနှင့်အတူ အမျိုးသားများနည်းတူ အမျိုးသမီးများကိုလည်း တန်းတူရည်တူအခွင့်အရေးပေးနိုင်အောင် ဆောင်ရွက်ကြရသည်။ အမျိုးသမီးများအခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာကြသည်။ အမျိုးသမီးများ၏ စွမ်းရည်ကို မြှင့်တင်ဆောင်ရွက်လာကြသည်။ ထို့ကြောင့်ပင် နှစ်စဉ်နှစ်တိုင်း မတ်လ ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Women’s Day) အဖြစ်သတ်မှတ်ကာ ကမ္ဘာတစ်ဝန်း အမျိုးသမီးကဏ္ဍကို ကျယ်ပြန့်စွာ ဖော်ထုတ်ရန် အခမ်းအနားများ ကျင်းပကြပြီး နှစ်စဉ်ဆောင်ပုဒ် သတ်မှတ်ထုတ်ပြန်လျက် အမျိုးသမီးကဏ္ဍကို မြှင့်တင်ရန် အသိပေးလေ့ရှိသည်။**

ပထမဆုံးသော အမျိုးသမီးများနေ့ကို အမေရိကန် လူ့အဖွဲ့အစည်းပါတီများက ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် နယူးယောက်မြို့၌ ကျင်းပခဲ့သည်။ ၁၉၁၀ ပြည့်နှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ပထမအကြိမ်အပြည်ပြည်ဆိုင်ရာ အမျိုးသမီး ညီလာခံကို ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဂျာမနီအမျိုးသမီး လှုပ်ရှားမှုခေါင်းဆောင် မီးစ်ကလယ်ရာဇယ်ကင်းက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို သတ်မှတ်ပေးရန်အတွက် ပဏာမဆွေးနွေးတင်ပြခဲ့သည်။

၁၉၁၂ ခုနှစ်မှ ၁၉၁၅ ခုနှစ်အထိ ဥရောပ အမျိုးသမီးလှုပ်ရှားမှုခေါင်းဆောင် မီးစ်ကလယ် ရာဇယ်ကင်းက အပြည်ပြည်ဆိုင်ရာ ဥရောပ အမျိုးသမီးများသည် မတ် ၁၉ ရက်ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် သတ်မှတ်ပြီး ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။ ၁၉၂၁ ခုနှစ် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ကွန်မြူနစ်အမျိုးသမီးများနေ့ ညီလာခံကို မော်စကို၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် ဘူဂေးလ်ရီးယားကိုယ်စားလှယ်များက ရုရှားအလုပ်သမားတော်လှန်ရေးကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတကာ အမျိုးသမီးများနေ့ကို မတ်လ ၈ ရက်နေ့အဖြစ် သတ်မှတ်ပေးရန် တင်ပြခဲ့ကြသည်။ ၁၉၇၅ခုနှစ်တွင် ကုလသမဂ္ဂက မတ်လ ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် တရားဝင် သတ်မှတ်ပေးခဲ့သည်။

အမျိုးသမီးများ၏ ပင်ကိုဗီဇသည် များသောအားဖြင့် အားနွဲ့ကြသူများဖြစ်သော်လည်း အမျိုးသားများနှင့်အပြိုင် ကာယအား၊ ဉာဏအား၊ စိတ်ဓာတ်စွမ်းအားများ မွေးမြူနိုင်ရမည်။ အမျိုးသားများနည်းတူ လက်ရုံးရည်၊ နှလုံးရည် စွမ်းရည်များ ကြံ့ခိုင်သူများဖြစ်အောင် ကြိုးစားအားထုတ်နိုင်ရမည်။ အရည်အချင်းပြည့်ဝပြီး စိတ်ဓာတ်ကြံ့ခိုင်အောင် ကြိုးစားရမည်။ လုပ်ရည်ကိုင်ရည် ထက်ထက်မြက်မြက် လုပ်ကိုင်နိုင်ကြရမည် ဖြစ်သည်။ သို့မှသာ အမျိုးသမီးများ၏ စွမ်းရည်သည် ပိုမိုတိုးတက် မြင့်မားလာမည်ဖြစ်သည်။

ဤသို့အမျိုးသမီးများက စွမ်းရည်ထက်မြက်အောင် ကြိုးစားအားထုတ်သင့်သလို အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းအားလုံးကလည်း အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးကို အလေးထား ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် အမျိုးသမီးအခန်းကဏ္ဍကို အလေးထား လုပ်ဆောင်လျက်ရှိပြီး အမျိုးသားနည်းတူ တန်းတူအခွင့်အရေး ပေးထားပါသည်။




အမျိုးသမီးများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ကုန်ထုတ်စွမ်းအားများ တိုးတက်မြင့်မားလာမည်ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးတစ်ဦးချင်းစီ၏ အရည်အချင်း၊ အရည်အသွေး လုပ်ကိုင်နိုင်စွမ်းတို့ကို မြှင့်တင်ပေးပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်သင့်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ပေးခြင်း၊ ကျား/မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ရာတွင်-

**ခိုင်မာသောဥပဒေမူဘောင်**

ကျား/မ ရေးရာအခြေခံအကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် တန်းတူညီမျှအခွင့်အရေးများကဲ့သို့သော ပြဿနာများကို ဖြေရှင်းပေးသည့် အမျိုးသမီးများ၏ အခွင့်အရေးကို အာမခံသည့် ခိုင်မာသော ဥပဒေမူဘောင်များကို လိုက်နာကျင့်သုံးရန် အရေးတကြီး လိုအပ်ပါသည်။

**ပညာရေး**

မိန်းကလေးငယ်များနှင့်အမျိုးသမီးများအတွက် ပညာရေးကို မြှင့်တင်ပေးပြီး အရည်အသွေး ပြည့်မီသော ပညာရေးကိုတန်းတူရရှိစေရမည်။ ပညာရေးသည် အမျိုးသမီးများ၏ အရည်အချင်းများကို မြှင့်တင်ပေးပြီး ကျား/မ စံနမူနာများကို ချိုးဖျက်ရန် ပံ့ပိုးပေးပါသည်။

**စီးပွားရေးစွမ်းဆောင်မှု**

တန်းတူညီမျှစီးပွားရေး အခွင့်အလမ်းများ၊ မျှတသောလုပ်ခ လစာနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေးကို ဆောင်ရွက်ရမည်။ စီးပွားရေး စွမ်းဆောင်မှုသည် ၎င်းတို့၏ လွတ်လပ်မှုကို မြှင့်တင်ပေးပြီး အားနည်းချက်ကို လျှော့ချပေးပါသည်။

**ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း**

မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများ၊ မိခင်စောင့်ရှောက်မှုနှင့် အမျိုးသမီးများအပေါ် သက်ရောက်မှုရှိသော သီးခြားကျန်းမာရေး ပြဿနာများကို ဖြေရှင်းပေးခြင်းအပါအဝင် အမျိုးသမီးများကို အရည်အသွေးပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုများ လက်လှမ်းမီနိုင်စေရန် ဆောင်ရွက်ပေးရမည်။

**နိုင်ငံရေးပါဝင်မှု**

နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍများတွင် အမျိုးသမီးများ၏ တက်ကြွစွာ ပါဝင်မှုကို အားပေးရမည်။ ကျား/မ ရေးရာ ရှုထောင့်များကို ထည့်သွင်း စဉ်းစားသည့် မူဝါဒများအတွက် အမျိုးသမီးများ ဆုံးဖြတ်ချက်ချသည့် ရာထူးများတွင် ထားရှိခြင်းသည် မရှိမဖြစ် လိုအပ်ပါသည်။

**လူမှုအသိအမြင်နှင့် ယဉ်ကျေးမှုဆိုင်ရာများ**

ကျား/ မ မညီမျှမှုကို ဆက်လက်တည်မြဲစေမည့် ကျား/မ မညီမျှမှုများကို ဆန့်ကျင်သည့် စံနမူနာများနှင့် ယဉ်ကျေးမှုစံနှုန်းများကို စိန်ခေါ်ရန်အတွက် လူမှုအသိအမြင်ကို မြှင့်တင်ပေးရပါမည်။ကျား/မ တန်းတူညီမျှမှုအပေါ် လူ့အဖွဲ့အစည်း၏ သဘောထားများ အပြောင်းအလဲကို အားပေးအားမြှောက်ပြုခြင်းသည် အရေးကြီးပါသည်။

**မီဒီယာကိုယ်စားပြုမှု**

ပုံသေပုံစံများကို စိန်ခေါ်ပြီး လူမှုအသိုင်းအဝိုင်း၏ ခံယူချက်များကို ပြောင်းလဲရန်အတွက် အထောက်အကူဖြစ်စေရန်အတွက် မီဒီယာတွင် အမျိုးသမီးများ၏ အပြုသဘောဆောင်ပြီး တိကျမှန်ကန်သော ကိုယ်စားပြုမှုကို မြှင့်တင်ပေးရမည်။

**ပံ့ပိုးမှုစနစ်များ**

အကြမ်းဖက်မှု သို့မဟုတ် ခွဲခြားဆက်ဆံခံရမှု ရင်ဆိုင်နေရသော အမျိုးသမီးများအတွက် ရုပ်ဝတ္ထုပစ္စည်းများနှင့် အကြံဉာဏ်ပေးခြင်းဝန်ဆောင်မှုများ အပါအဝင် ပံ့ပိုးမှုစနစ်များ ထူထောင်ပေးခြင်း၊ ကျား/မ အခြေပြုအကြမ်းဖက်မှုများကို အစီရင်ခံခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းသည် အရေးကြီးပါသည်။

**နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်း**

ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးအခွင့်အရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများနှင့် မိတ်ဖက်များ ပူးပေါင်းဆောင်ရွက်ခြင်းသည် အရေးကြီးပါသည်။ ကောင်းသောအလေ့အကျင့်များနှင့် အရင်းအမြစ်များကို မျှဝေခြင်းသည် ပိုမိုကျယ်ပြန့်သော အကျိုးသက်ရောက်မှုကို အထောက်အကူပြုပါသည်။

**စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း**

အမျိုးသမီးများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်အတွက် ရည်ရွယ်သော မူဝါဒများနှင့် အစပြုမှုများ၏ ထိရောက်မှုကို ပုံမှန်စောင့်ကြည့် အကဲဖြတ်ရပါမည်။ အထက်ပါကြိုးပမ်း အားထုတ်မှုများကို ပေါင်းစပ်ခြင်းသည် အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းအတွက် ကမ္ဘာတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် ချဉ်းကပ်မှုတစ်ရပ်ကို အထောက်အကူ ဖြစ်စေပါသည်။

ကျား/ မ တန်းတူညီမျှမှုကို မြှင့်တင်ရာတွင် ဖော်ပြပါ အမျိုးမျိုးသော အချက်များကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။ တန်းတူညီမျှပညာရေး ရရှိခြင်း၊ လုပ်ငန်းခွင်တွင် ကျား/ မ ကွာဟချက်များကို ပေါင်းကူးရန် တရားမျှတပြီး ဘက်မလိုက်သော မူဝါဒများကို အကောင်အထည်ဖော်ခြင်း၊ မီဒီယာရှိ ကျား/မ အားလုံး၏ကွဲပြားပြီး အပြုသဘောဆောင်သော သရုပ်ဖော်မှုကို အားပေးခြင်း၊ ကျား/မ အခြေပြု ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ပေးသည့် ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ကျား/ မ အားလုံးအတွက် သာတူညီမျှသော ကျန်းမာရေးစောင့်ရှောက်မှုရရှိခြင်း၊ ယဉ်ကျေးမှုပုံသေပုံစံများကို ဆန်းစစ်ပြီး လူ့အဖွဲ့အစည်းအတွင်း ပါဝင်နိုင်သော သဘောထားများကို မြှင့်တင်ခြင်း၊ ကျား/ မ နှစ်ဦးစလုံးအတွက် တန်းတူညီမျှကို မိဘများက ပံ့ပိုးခြင်း၊ ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် အမျိုးသမီးများ၏ ပါဝင်မှုကို အားပေးထောက်ခံခြင်း၊ ကျား/ မ အားလုံးအတွက် တန်းတူလစာနှင့် စီးပွားရေး အခွင့်အလမ်းများကို မြှင့်တင်ခြင်း၊ ကျား၊မရေးရာစံနှုန်းများကို စိန်ခေါ်ရန်အတွက် ရပ်ရွာဆွေးနွေးပွဲများနှင့်ထိတွေ့ဆက်ဆံမှုကို မြှင့်တင်ခြင်း စသည်တို့ဖြင့် ကျား/ မ တန်းတူညီမျှမှုကို မြှင့်တင်နိုင်ပါသည်။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပညာရေး၊ စီးပွားရေး အခွင့်အလမ်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီခြင်း၊ ဥပဒေဆိုင်ရာ ရပိုင်ခွင့်များနှင့် လူမှုရေးသဘောထားများစသည့် အချက်များသည် အရေးကြီးပါသည်။ ပညာရေးနှင့်တန်းတူ အလုပ်အကိုင်အခွင့်အလမ်းများမှတစ်ဆင့် အမျိုးသမီးများအား စွမ်းဆောင်ပေးခြင်းဖြင့် စီးပွားရေးလွတ်လပ်မှုကို ဖြစ်ပေါ်စေပါသည်။ အရည်အသွေး ပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဥပဒေဆိုင်ရာ အခွင့်အရေးများကို လက်လှမ်းမီရရှိစေရေး၊ ကျား/ မ စံနှုန်းများနှင့် ပုံသေပုံစံများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အားလုံးပါဝင်ပြီး ပံ့ပိုးကူညီသော လူ့အဖွဲ့အစည်းကို *စာမျက်နှာ ၁၇ သို့*

**❖ အမျိုးသမီးများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ကုန်ထုတ်စွမ်းအားများ တိုးတက်မြင့်မားလာမည်ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးတစ်ဦးချင်းစီ၏ အရည်အချင်း၊ အရည်အသွေး လုပ်ကိုင်နိုင်စွမ်းတို့ကို မြှင့်တင်ပေးပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်သင့်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ပေးခြင်း၊ ကျား / မ တန်းတူ ညီမျှမှုကို မြှင့်တင်ခြင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်ရမည်**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရား ၁၁ ဆူကို မိုးကြိုးလွှဲတပ်ဆင်ပြီးစီး



**ညောင်ဦး မတ် ၆**

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရား ၁၁ ဆူကို မိုးကြိုးလွှဲတပ်ဆင်မှုလုပ်ငန်းများ မတ် ၆ ရက်က အားလုံး ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ကွင်းဆင်းကြည့်ရှု**

အဆိုပါ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ရှေးဟောင်းဘုရား ၁၁ ဆူကို အဆောက်အဦဦးစီးဌာန လျှပ်စစ်ဌာနခွဲမှတာဝန်ယူ တပ်ဆင်ခဲ့ရာ ယနေ့တွင် စူဠာမဏိဘုရားနှင့် ပုံ့သကူ မဟာထေရ်ဘုရား မိုးကြိုးလွှဲ တပ်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုသည်။

**လုပ်ငန်းအားလုံး ပြီးစီး**

ပုဂံရှေးဟောင်းယဉ်ကျေးမှု ဒေသအတွင်းရှိ ဓမ္မရာဇက ဘုရား၊ ထီးလိုမင်းလိုဘုရား၊ မြစေတီ၊ မနုဟာ၊ ရွှေဆံတော်၊ ဓမ္မရံကြီး၊ မဟာဗောဓိ၊ ပြဿာဒ်ကြီး၊ စူဠာမဏိ၊ ပုံ့သကူမဟာထေရ်၊ သိကြားပုန်းဘုရားစသည့် ရှေးဟောင်းဘုရား ၁၁ ဆူအား မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်းများကို ဇန်နဝါရီလမှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်သည်။

**ဒီပါလင်း**

## မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် တုံ့ပြန်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်



**မန္တလေး မတ် ၆**

မီးဘေးအန္တရာယ် လျှပ်စစ်ဘေးအန္တရာယ်နှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်စေရေးအတွက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး တပ်ခွဲအဆင့် သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ချမ်းမြသာစည်မြို့နယ် ၄၅လမ်း၊ ၁၁၆ x ၁၁၇ လမ်းကြားရှိ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး (စစ်ရေးပြကွင်း)၌ မတ် ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များသည် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး တပ်ခွဲအဆင့် သရုပ်ပြလေ့ကျင့်ခြင်းများကို ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ခွဲအဆင့် တပ်ဖွဲ့ဝင် ၁၁၆ ဦးအတွက် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

## မြို့သစ်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၅၁၀ ရှိ

**မြို့သစ် မတ် ၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၁၀ ရှိကြောင်း သိရသည်။

မြို့သစ်မြို့နယ်အတွင်း အထက(၁) မြို့သစ်နှင့် အထက(ဝါးကြီးအိုင်) စာစစ်ဌာန နှစ်ခုထားရှိပြီး အထက(၁) မြို့သစ် စာစစ်ဌာန၌ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်သူ ကျောင်းသား ကျောင်းသူ ၃၀၉ ဦး၊ အထက (ဝါးကြီးအိုင်) စာစစ်ဌာနတွင် ဖြေဆိုမည့်ကျောင်းသား ကျောင်းသူ ၂၀၁ ဦး ဖြေဆိုမည်ဖြစ်ကြောင်း မြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

**ဝင်းအိဇွန်**

**(ပြန်/ဆက်)**

## ညောင်ရွှေမြို့နယ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၈၅၆ ဦးရှိ

**ညောင်ရွှေ မတ် ၆**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် စာစစ်ဌာနခုနစ်ခုတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသည့် ကျောင်းတွင်း ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၇၉၉ ဦး၊ ပြင်ပမှ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၅၇ ဦး စုစုပေါင်း ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၈၅၆ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**စာစစ်ဌာနခုနစ်ခု ဖွင့်လှစ်**

ယခင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ညောင်ရွှေမြို့နယ်၌ ယခုနှစ်တွင် အထက(၁) ညောင်ရွှေ၊ အထက-ဘုရားတောင်ရေဆိပ်၊ အထက-အင်းပေါ်ခုံ၊ အထက-မင်းချောင်း၊ အထက- မိုင်းသောက်၊ အထက-ဟဲယာရွာမနှင့် အထက-အင်းယားတို့၌ စာစစ်ဌာနခုနစ်ခု ဖွင့်လှစ်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

*စာမျက်နှာ ၁၆ မှ*

ဖန်တီးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးတွင် ရင်းနှီးမြှုပ်နှံမှုများသည် အရေးကြီးသော်လည်း အမျိုးမျိုးသော ပြဿနာများ ရှိနေပါသည်။ ကျား/ မ အခြေပြုအကြမ်းဖက်မှု၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ မညီမျှစွာ ဝင်ရောက်မှုနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍများတွင် အကန့်အသတ်ဖြင့် ကိုယ်စားပြုမှုသည် တိုးတက်မှုကို ဟန့်တားစေပါသည်။ အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းရန် ကျယ်ကျယ်ပြန့်ပြန့် မဟာဗျူဟာများ၊ မူဝါဒများ ပြုပြင်ပြောင်းလဲမှုများနှင့် အမျိုးသမီးများ၏ ဘဝတိုးတက်မှုနှင့် ဘေးကင်းရေးတို့အတွက် ပါဝင်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးရန် စဉ်ဆက်မပြတ် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ လိုအပ်ပါသည်။

ကမ္ဘာပေါ်ရှိ အမျိုးသမီးများသည် ရှေးအစဉ်အဆက်ကပင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်ကဏ္ဍများစွာတို့၌ အမျိုးသားများနှင့် တန်းတူအခွင့်အရေး မရရှိကြသည့်အပြင် အချို့နေရာဒေသများရှိ အမျိုးသမီးများအနေဖြင့် နည်းမျိုးစုံဖြင့် ခွဲခြားမှု၊ အကြမ်းဖက်မှုများ ရင်ဆိုင်ခံစားနေကြရသည်။ အမျိုးသမီးများသည် လူသားထဲက လူသားများပင်ဖြစ်ကြပြီး စွမ်းဆောင်နိုင် ကြသူများ ဖြစ်သော်လည်း တစ်ဖက်သတ်ဖိနှိပ်ခြင်း၊ ခွဲခြားခံရခြင်း၊ တန်းတူအခွင့်အရေးမပေးခြင်း၊ အကြမ်းဖက်ခံရခြင်းနှင့် ကြုံတွေ့နေရသဖြင့် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် ကျား/ မ တန်းတူညီမျှမှု မြှင့်တင်ရေးတို့အတွက် နိုင်ငံအလိုက် ပြုပြင်ပြောင်းလဲကြရန် စည်းရုံးလှုပ်ရှားမှုများသည် ၁၉ ရာစုအတွင်းကပင် စတင်ပေါ်ပေါက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားပြီးနောက် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအရေးပါမှုကို ကမ္ဘာက အသိအမှတ်ပြုလာသည်။ ၁၉၄၅ ခုနှစ် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် ၁၉၄၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းတို့တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီတူဖြစ်၍ တန်းတူညီမျှမှုရှိရမည်ဟု ချမှတ်ခဲ့သည်။ သို့ရာတွင် ထိုအခွင့်အရေးများကို အပြည့်အဝ မခံစားမရရှိကြသော အမျိုးသမီးများစွာတို့ ကမ္ဘာတစ်ဝန်းတွင် ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများ၏ အခန်းကဏ္ဍအရေးပါမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ၁၉၆၇ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက "ကျား/ မ ခွဲခြားမှုပပျောက်ရေး"ကို တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ထို့အတူ ၁၉၇၂ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံက ကျား၊ မ အခွင့်အရေး တန်းတူညီမျှရေး မြှင့်တင်ဆောင်ရွက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအားလုံးတွင် အမျိုးသမီးများ အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့် ရရှိရန်ရည်ရွယ်၍ ၁၉၇၅ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့" အဖြစ် စတင်သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းလှုပ်ရှားမှုများ ကျင်းပခဲ့သည်။ အထူးသဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား/ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးတို့အတွက် "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း"ကို ၁၉၇၉ ခုနှစ်တွင် ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းပေးလိုက်ရာ အမျိုးသမီးများအခန်းကဏ္ဍ ပိုမိုတိုးတက် မြင့်မားရေးအတွက် ခွန်အားတစ်ရပ် ဖြစ်လာရသည်။ အမျိုးသမီးများအခွင့်အရေး တန်းတူညီမျှမှုရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဟူသော ဦးတည်ချက်များဖြင့် ကမ္ဘာ့အမျိုးသမီးများ ညီလာခံကိုလေးကြိမ် ပြုလုပ်ကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေက ပို၍များပြားနေပြီး ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁ ဒသမ ၇ သန်းပိုများနေသည်ကို တွေ့ရှိရပါသည်။ ပိုများနေသောအမျိုးသမီးများ နောက်ကျန်မနေစေရေးအတွက် နိုင်ငံတော်အနေဖြင့် အမျိုးသမီးဘဝကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးတို့ကို မဖြစ်မနေဆောင်ရွက်ပေးနေပါသည်။ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဘဝလုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးရမည်ဖြစ်သကဲ့သို့ အမျိုးသမီးငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးမှအစ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရများ၊ နိုင်ငံတော် အဆင့်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်မှသာ အမျိုးသမီးများ၏ ဘဝ အရှိန်အဟုန်ဖြင့် တိုးတက်မည်ဖြစ်ကြောင်းကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အား ကြိုဆိုဂုဏ်ပြုလျက် ရေးသားလိုက်ရပါသည်။ ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "U Nyarna" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထုံးပေါက်ချိုင်းကျေးရွာနေ ဉာဏ်ဌေးအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ "Kyaw Moe Yan Tun (yan baluu)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၁) ရပ်ကွက်နေ ကျော်မိုးယံထွန်းအား ည ၇ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပုသိမ်မြို့နယ် ချောင်းသာကျေးရွာအနီး သဲဖြူကျွန်းအနောက်မြောက်ဘက် ရေမိုင် ငါးမိုင်ခန့်အကွာ ပင်လယ်ပြင်တွင် မသင်္ကာဖွယ် စက်လှေကို စစ်ဆေးခဲ့ရာ စက်လှေပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၅ ဒသမ ၂၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၂ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မောင်မောင်လေး (ခ) သိန်းဝင်းကို ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ အမှတ်(၂) ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ညနေ ၅ နာရီတွင် ပုသိမ်မြို့နယ် ငွေဆောင်မြို့ သဇင်ကျေးရွာတွင် စိတ်ကြွရူးသွပ် ဆေးပြားများ တင်ပို့ပေးခဲ့သူများ ဖြစ်ကြသည့် ဝင်းသိန်းထွန်း (ခ) နေသူ နှင့် လင်းထွန်းဟာန် (ခ) သားပုတို့ နှစ်ဦးကို စက်လှေတစ်စင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့်အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၆**

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်နေ စိုးခိုင်(ခ) ကျော်သူနှင့် မနွယ်နွယ်ဝင်း (ခ)နွယ်ပုတို့က တစ်မြို့တည်းနေ မ----၊ ၂၀/၂၃ နှစ်အား မိုင်းပေါက်မြို့ရှိ ငါးမန်းဂိမ်းဆိုင်တွင် တစ်လ ကျပ်ခြောက်သိန်းဖြင့် အလုပ်လုပ်ကိုင်ရမည်ဟုပြောဆိုစည်းရုံးကာ တရုတ်ပြည်သို့ပို့ဆောင်၍ တရုတ်ငွေ ယွမ် ၅၅၀၀၀ ဖြင့် ရောင်းစားပြီး ငွေကြေးအကျိုးအမြတ်ရယူခဲ့သဖြင့် ကျောက်ဆည်မြို့မရဲစခန်းက (ပ)၁၈၅/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့ကာ ကျောက်ဆည်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၄ ရက်တွင် တရားခံ စိုးခိုင်(ခ)ကျော်သူနှင့် မနွယ်နွယ်ဝင်း (ခ) နွယ်ပု တို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော် |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၃ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၈၅ ကျပ် | ၂၅၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၂၅ ကျပ် | ၂၅၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၁၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၃၅ ကျပ် | ၂၈၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၄၀၁ | ၃၂၈၈၂၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၄ | ၄၀၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၂ | ၃၁၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၂ | ၅၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၃၀၂ | ၅၂၈၅၀၀ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## စားသုံးသူရေးရာဦးစီးဌာန
## ကြော်ငြာစာအမှတ်၊ ၁/၂၀၂၄
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတွင် လစ်လပ်လျက် ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး(၁၃၀) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

(က) အငယ်တန်းစာရေး **(၁၀၀)နေရာ**
(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

( ခ ) ရုံးအကူ **(၃၀)နေရာ**
(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
( ခ ) အငယ်တန်းစာရေးရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
( ဂ ) ရုံးအကူရာထူးနေရာအတွက် အနည်းဆုံးအခြေခံပညာမူလတန်းအဆင့်ရှိသူ ဖြစ်ရမည်။
(ဃ) ၂၉.၂.၂၀၂၄ ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
( င ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
( စ ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသူဖြစ်ရမည်။
(ဆ) ဌာနဆိုင်ရာတစ်ခုခုတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြစ်မှု၊ ပြစ်ဒဏ်တစ်ခုခုကျခံခဲ့သူ၊ နုတ်ထွက်ခဲ့သူ မဖြစ်စေရ။
( ဇ ) ဌာနတွင် အနည်းဆုံးတစ်ဆက်တည်း(၃)နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။
( ဈ ) ခိုင်လုံသောအကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ (၃)နှစ်ပြည့်သည်အထိ တစ်ဆက် တည်းတာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက လျော်ကြေးငွေကျပ်(၁၀)သိန်း (ကျပ်တစ်ဆယ် သိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။

၃။ လျှောက်လွှာတွင်-
(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်။
( ခ ) မွေးသက္ကရာဇ်။
( ဂ ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ။
(ဃ) အိမ်ထောင် ရှိ/မရှိ။
( င ) ပညာအရည်အချင်း၊အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်။
( စ ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏ အလုပ်အကိုင်။
(ဆ) ဆက်သွယ်ရန်လိပ်စာ၊အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
(က) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ။
( ခ ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ။ (မိတ္တူမှန်ဖြစ် ကြောင်း လက်မှတ်ရေးထိုးရန်)
( ဂ ) အလုပ်သမားမှတ်ပုံတင်မိတ္တူ။
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
( င ) အမှန်တကယ်နေထိုင်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း (လွန်ခဲ့သော(၁)လအတွင်း)။
(စ) သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ သို့မဟုတ် ရဲစခန်းမှပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက် မူရင်း (လွန်ခဲ့သော(၁)လအတွင်း)။
(ဆ) ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း (လွန်ခဲ့သော(၁)လအတွင်း)။
( ဇ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းပြန်တမ်းဝင်အရာရှိတစ်ဦးဦး၏ထောက်ခံချက်မူရင်း။

၅။ လျှောက်လွှာကို စားသုံးသူရေးရာဦးစီးဌာန၊ရုံးချုပ်(နေပြည်တော်)နှင့်တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများသို့ **၁၄-၃-၂၀၂၄ ရက်နေ့** နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသောလျှောက်လွှာများ၊အချက်အလက်မပြည့်စုံသော လျှောက်လွှာများနှင့် အသက် ကန့်သတ်ချက် ကျော်လွန်သူများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ မြန်မာစာ၊အင်္ဂလိပ်စာ၊အထွေထွေဗဟုသုတ၊ရေးဖြေစာမေးပွဲနှင့် ကွန်ပျူတာ(လက်တွေ့) စာမေးပွဲ ဖြေဆိုရမည်။

၇။ ရေးဖြေစာမေးပွဲနှင့် ကွန်ပျူတာ(လက်တွေ့)စာမေးပွဲကို **၁၈-၃-၂၀၂၄ ရက်နေ့** နံနက်(၁၀:၀၀) နာရီအချိန်တွင် စစ်ဆေးမည်ဖြစ်ပါသည်။

၈။ လူတွေ့စစ်ဆေးခြင်းကို **၁၉-၃-၂၀၂၄ ရက်နေ့** နံနက်(၁၀:၀၀)နာရီအချိန်တွင် စစ်ဆေးမည်ဖြစ်ပါသည်။

၉။ ပဏာမရွေးချယ်ခံရသူများကို ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။

၁၀။ စာမေးပွဲဖြေဆိုခွင့် ခုံနံပါတ်များကို စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးဦးစီးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် ထုတ်ပြန်ကြေငြာထားမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ် သိရှိလိုပါက စားသုံးသူရေးရာဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၂၅ နှင့် ၀၆၇-၃၄၃၀၁၅၆ သို့ ဖြစ်စေ၊ လျှောက်လွှာတင်သွင်းသည့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးဖုန်းနံပါတ်များသို့ ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**စားသုံးသူရေးရာဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကရင်ပြည်နယ်အစိုးရအဖွဲ့
## သယံဇာတရေးရာဝန်ကြီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်နယ်အစိုးရအဖွဲ့ ကရင်ပြည်နယ်အနေဖြင့် မြဝတီမြို့နယ်အနီးရှိ ကျေးရွာ(၆)ရွာတွင်နေထိုင်သော ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ပညာရေးနှင့်လူနေအိမ်များအတွက် ထိုင်းနိုင်ငံမှ လျှပ်စစ်ဓာတ်အားဝယ်ယူ၍ ပြန်လည်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ပြည်တွင်းကုမ္ပဏီများဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | (၇-၃-၂၀၂၄)ရက်မှ (၂၁-၃-၂၀၂၄) ရက်ထိ |
| **တင်ဒါတင်သွင်းရမည့်ရက်** | - | (၁၄-၃-၂၀၂၄)ရက်မှ (၂၈-၃-၂၀၂၄)ရက်ထိ |
| **တင်ဒါလျှောက်လွှာရောင်းချ/တင်သွင်းရမည့်နေရာ** | - | ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ဘားအံမြို့ |
| **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** | - | ( ၉-၄-၂၀၂၄) ရက်နေ့ (အင်္ဂါနေ့) နံနက်(၁၀:၀၀) နာရီ |
| **တင်ဒါဖွင့်လှစ်မည့်နေရာ** | - | ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ဘားအံမြို့ |

၃။ **အသေးစိတ်သိရှိလိုပါက**
ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဖုန်း-၀၉-၇၈၂၂၄၆၆၃၂၊ ၀၉-၇၇၇၆၁၈၇၃၇၊ ၀၉-၅၆၆၂၁၆၂၊ ၀၉- ၅၆၆၂၁၆၃ သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၃၇)၊ သိမ်ကြီးသင်္ချိုင်းအကွက်၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ(၀ ဒသမ ၁၁၉)ဧက အတွင်းမှ (၀ဒသမ၀၆၃)ဧကရှိ မောင်ထွန်းလှိုင်၊ မထွားနု၊ ကိုမောင်ထွန်း၊ မသန်းခင်၊ ဦးပွ၊ မစိန်ထွေးအမည်ဖြင့် မှတ်သားတည်ရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ တက်ဆိပ်လမ်း၊ အမှတ်(၉၈၀)နေ ဒေါ်နော်လီဇာ၊ ဦးအေးကိုကို၊ ဦးသူရိန်ထွဋ်တို့မှ ဘိုးဘပိုင်မြေ အမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၇၊ ဦးပိုင်အမှတ် (၇၄)၊ ပိတောက်လမ်း၊ ၅၂ x ၅၃ လမ်းကြားရှိဦးခေါင်ထိလိ(ခ)ဦးထွန်းမြင့်(ခ)ဦးခေါင်းချန်ပေါက် အမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဦးမောင်ရင်(၎င်း၏တရားဝင်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း)က တရားပြိုင် ဦးခေါင်ထိလိ(ခ)ဦးထွန်းမြင့်(ခ)ဦးခေါင်းချန်ပေါက် အပေါ် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၁/၂၀၁၆)ဖြင့် တရားစွဲဆိုခဲ့ပြီး ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမဇာရီမှုအမှတ် (၆၉/၂၀၂၃)ဖြင့် တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ရီရီဝင်း ၉/မဟမ(နိုင်)၀၀၀၇၉၈ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၂၈၊ ဦးပိုင်အမှတ်(၉-က+၁၈-ဆ)/၂၆လမ်း၊ ၉၀ x ၉၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစန်ဂျေးကူမာရ် ၉/မမန(နိုင်)၀၁၆၅၅၆၊ ဒေါ်ဆာရီသာဒေဝီ(ခ)အမီတာ ၉/မမန(နိုင်) ၀၁၆၉၄၅၊ မောင်နေမျိုးဝင်း ၉/ပဥလ(နိုင်)၀၃၃၀၃၃၊ မောင်နေမျိုးထွန်း ၉/ပဥလ(နိုင်)၀၅၉၂၅၂ တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်ရှိ မြေကွက်အမှတ် (ပ-၂၂၇၉၂)ကို အမည်ပေါက် ဒေါ်ခင်မာဦး (ဘ)ဦးခင်မောင်ဦး ၁၂/ဥကတ(နိုင်)၁၁၂၇၄၅ (တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘီလစ်စာရေး ဦးကျော်ဆန်းဦး (ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄ မှ မြေငှားစာချုပ်တွင် လက်မှတ်ရေးထိုးထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၂၅/၂၀၂၁၊ တရားမဇာရီမှုအမှတ် ၄၄/၂၀၂၃၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေပေးစလစ်(မူရင်း)၊ လူနေအိမ်ဆောက်လုပ်ပြီးစီးကြောင်း ထောက်ခံစာ၊ မြေကွက်ဖိုးသွင်းချလန်၊ မြေပြင်အခြေအနေပြ ဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီးလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ဃ/၈၂၅၅၉ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ထက်ထွေး ၁၀/ဘလန(နိုင်) ၁၀၄၃၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ မြေကွက် အမှတ်-၁၃၃၊ အိမ်အမှတ်-၁၀၅ ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပဉ္စမထပ်(ဖလွှာ)၊ (တိုက်ရှေ့ မျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း)၊ ဧရိယာ (၅၅၂ စတုရန်းပေ) ကျယ်ဝန်းသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဒေါ်အိရွှေစင်ဝင်း (၁၂/ဗဟန(နိုင်)၀၈၇၁၉၆)**ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် **ဦးဝေဖြိုးနိုင် (၁၄/ဒဒရ(နိုင်)၁၄၄၆၉၂)**နှင့် ၎င်း၏ဇနီး **ဒေါ်တင်ဇာလီဦး (၇/ဝမန(နိုင်)၁၅၆၅၇၅)**တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝေဖြိုးနိုင် နှင့် ဒေါ်တင်ဇာလီဦး တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်အေးဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/ က+ခ)၊ (၁၆)ရပ်ကွက်၊ မြေကွက်အမှတ် ၉၅၅၊ အိမ်အမှတ်(၁၁)ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက်၏ မြေညီထပ်+ထပ်ခိုးပါ(တိုက်ရှေ့မျက်နှာ မူလျှင် လက်ယာဘက်ခြမ်း)၊ ဧရိယာ(မြေညီ ၅၁၇ စတုရန်းပေ+ထပ်ခိုး ၅၁၇ စတု ရန်းပေ)ကျယ်ဝန်းသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသည့် **ဒေါ်စန်းစန်းလွင် ၁၂/လမန(နိုင်)၀၁၅၁၁၇၊ ဒေါ်မြင့်မြင့်စော ၁၂/လမန(နိုင်) ၀၁၆၂၂၀ နှင့် ဒေါ်တင်မိုးကြူ ၁၂/လမန(နိုင်) ၁၀၁၀၈၄**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် **ဒေါ်အိဖြူစံ ၁၂/သလန (နိုင်) ၁၀၁၀၅၀** နှင့်၎င်း၏ ခင်ပွန်း **ဦးနိုင်လင်း ၈/တတက(နိုင်) ၁၆၈၀၀၇** တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိဖြူစံနှင့် ဦးနိုင်လင်း တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၄ သမိုင်း၊ မြေကွက် အမှတ် ၁၈/ဃ၊ ဧရိယာ(၀ ဒသမ ၀၃၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၆အိပ်ချ်၊ ဦးလွန်းမောင်လမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးလွန်းစိန်(ခ)ဆီယွန်ရှိန် အမည်ပေါက် B(အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၅၀/၂၀၂၂(၁၂-၁-၂၀၂၂) ဖြင့် အထူးကိုယ်စားလှယ်လွှဲစာ ရရှိသူဒေါ်နမ်းလီး ၁၃/တခလ(နိုင်)၀၃၂၆၆၆ မှ အထူးကိုယ်စားလှယ်လွှဲစာ၊ လွှဲအပ်ထားသူသည် ယနေ့တိုင် သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းထားခြင်းမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ် ၁၇၆၁/၂၀၂၄(၇-၂-၂၀၂၄)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အမည်ပေါက် အရောင်းအဝယ်စာချုပ် ၃၇၇၅/၂၀၀၂(၁၇-၉-၂၀၀၂)၊ စာချုပ်မိတ္တူမှန်တို့ကို တင်ပြ၍ အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ ဗြဟ္မစိုရ်လမ်း၊ မြေကွက်အမှတ် (၄၃၆/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဒေါ်ဥမ္မာခင် (၁၂/ဥကတ (နိုင်) ၀၅၀၄၃၅) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ဥမ္မာခင်ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ ရာဇမိရာဇ်လမ်း၊ မြေကွက်အမှတ် (၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးအောင်မြ (၁၂/ရကန (နိုင်) ၀၂၆၈၈၀) နှင့် ဒေါ်တင်အောင် (၁၂/ရကန (နိုင်) ၀၂၇၉၉၁) တို့(၂)ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးအောင်မြ နှင့် ဒေါ်တင်အောင် တို့ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ နတ်ကြီးချောင်ကျေးရွာနေ (အဖ) ဦးဝင်းအောင်၏သမီး (အထက) နတ်ကြီးချောင် ကျောင်း Grade-10 မှ မကေသီအောင်၏မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းမော် ၁၀/မလမ (နိုင်) ၂၈၇၉၁၉ ဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းမော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်မော်မော်ဦး ၁၂/ဗဟန (နိုင်)၀၉၄၉၅၃ ၏ မိခင် ဒေါ်အုန်းတင်နှင့် ဒေါ်အုံးတင်မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/3903, Hyundai,Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ Khit Thit Bayintnaung Public Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/96133, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်စိုးသူ ၁၄/ပသန(နိုင်)၂၀၃၀၂၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအားအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၉၄)ရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ်- (၁၁၀၉၂၂၇၈၇)ဖြင့် မှတ်ပုံတင်ရရှိထားသော SEVEN SHWE MANN AUNG COMPANY LIMITED မှ ကုမ္ပဏီ၏ (ဝန်ထမ်း)ဖြစ်သူ ဒေါ်မီရား (ဘ) ဦးမိုဟန်း (၁၃/မဆတ(နိုင်)၀၆၈၅၀၂) ကိုင်ဆောင်သူသည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်း၏ကုမ္ပဏီမှုပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ်(၄/၁၂၆၆)ဖြင့် (၆-၂-၂၀၂၄) ရက်နေ့တွင် တရားဝင်မှတ်ပုံတင် သွင်း၍မြွတ်ဟကြေညာထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ "APPLE" ဟူသောကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် " တစ်သျှူးအမျိုးမျိုး" တို့ကို ပြည်ပနိုင်ငံဖြစ်သော တရုတ်နိုင်ငံ၊ Kunming Tuoxiang Paper Co.,LTD ၏ (၁-၁-၂၀၂၄)ရက်စွဲပါ တစ်ဦးတည်းတင်သွင်း/ဖြန့်ဖြူးခွင့်အကြောင်းကြားစာအရ တရားဝင်မှာယူတင်သွင်း၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံ တစ်ဝန်းလုံးသို့ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချလျက်ရှိသည်မှာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

မိမိတို့ကုမ္ပဏီမှ အဆိုပါကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်းပတ်သက်သည့်ကိစ္စများပေါ်တွင်လည်း ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့ဖြင့် ပြုလုပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမှုပိုင်အဖြစ် အသုံးပြုလျက်ရှိရာ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှားထင်ရောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်၍ မိမိတို့မှတစ်ပါးအခြားမည်သူတစ်ဦးတစ်ယောက်မျှ တရားမဝင်တုပသုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍တုပပြုလုပ်သုံးစွဲနေသည်များကိုတွေ့မြင်ကြား သိရပါက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့်ပတ်သက်၍ (အမည်တူ) ကန့်ကွက်လိုပါကသတင်းစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (LL.B) (အထက်တန်းရှေ့နေ)(စဉ်-၃၄၇၈၂) အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၄၀၁၀၄၈**

## အမည်ပြောင်း

ပျဉ်းမနားမြို့၊ တောင်သာအုပ်စု၊ ကျော်ညီနောင်ရပ်ကွက်၊ အိမ်အမှတ် ၅/၉ (ခ) (ဘ) ဦးအောင်ထွန်းကျော်(အမိ) ဒေါ်အိအိနိုင်တို့၏သား၊ နေပြည်တော် Wisdom Hill Private High School Grade-2 တွင် ပညာသင်ကြားနေသော မောင်မင်းကျော်ခန့်အား မောင်မင်းခန့်သာဟုလည်းကောင်း KG တွင် ပညာသင်ကြားနေသော မောင်ဘုန်းပြည့်ကျော်အား မောင်ပြည့်ဘုန်းသာဟု ပြောင်းလဲခေါ်ဝေါ်ပါရန်။ **မောင်မင်းခန့်သာ၊ မောင်ပြည့်ဘုန်းသာ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၃)၊ တံတားကြီးတန်းအကွက်၊ ဦးပိုင်အမှတ် (၄-င)၊ ဧရိယာ(၀.၀၁၈)ဧကရှိ ဦးအောင်ခ၊ ဒေါ်ခင်သန်းအမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B) ကို ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၉)နေ ဦးဝဏ္ဏထွဋ်မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ(၂)၊ တိုက်အမှတ်(၂၈)၊ အခန်းအမှတ်(၃၂)၊ တတိယထပ်၊ ဧရိယာ (၁၁၅၀) စတုရန်းပေ အကျယ်ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟပြောဆိုသူ ဦးခင်မောင်ဌေး ၇/ဖမန(နိုင်)၀၀၃၈၀၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြတ်လှိုင် ၁၂/ဗဟန(နိုင်)၀၅၂၄၃၀ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်းတိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိအေး**
**LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၈၃)**
**အမှတ်(၂၈)၊ ဇီးကုန်း(၁/၂)လမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၈၉၇၉၆**

## အများသိစေရန်ကြေညာခြင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ၂ လမ်း (ဘီ)နေ ဦးမောင်မောင် အင်ဂျင်နီယာချုပ်ဆောက်လုပ်ရေး(ငြိမ်း)၊ (ကွယ်လွန်)ဇနီး ဒေါ်ညိုညိုတင် စိုးကမ္ဘာလျှပ်စစ်နှင့် Soe Gabar Sport Wears တို့မှ ပဲခူးတိုင်းဒေသကြီး ထုံးကြီးရွာနေ အဖဦးကြည်စိုး-အမိ ဒေါ်သန်းသန်းနိုင်တို့၏သား မောင်ရန်နိုင်လင်း ၇/ပခန(နိုင်) ၃၇၇၀၄၄ မြို့တော်စာချုပ်တမ်း မှတ်ပုံတင်ရုံးစာအမှတ်-(၉-၁၁-၂၀၂၃)ရက်စွဲ ၃၃၃၈၁/၂၀၂၃/၁၅၂၆ ပြုလုပ်ပြီး အမွေစားအမွေခံသားအဖြစ် အသိအမှတ်ပြု လိုက်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ညိုညိုတင်**
**၁၀/မလမ(နိုင်)၀၃၈၃၃၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂**

ဦးအောင်ထွေး **နှင့်** ဦးခင်မောင်ထွန်း
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ ဝါးတန်းလမ်း၊ တိုက်အမှတ်(၁)၊ အမှတ်-၁/၃နေ တရားပြိုင် ဦးခင်မောင်ထွန်း (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်နှင့်အိမ် အရောင်းအဝယ် ပဋိညာဉ်စာချုပ်ပါအတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲသည်ဖြစ် ၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၈ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၇)လမ်း၊ အမှတ် (၇၈/ခ)၊ အကျယ်အဝန်း (၃၀' x ၅၈')ပေ ဂရန်မြေပေါ်ရှိ (၅)ထပ်တိုက်၏ ဒုတိယထပ် (၃-လွှာ-ဘီ) ခြေရင်းခန်းတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသူ ဦးဇေဇေမြင့်ကြည် (၃/ဘအန(နိုင်)၂၆၈၀၂၄)နှင့် ဒေါ်သန်းသန်းစိုး (၈/တတက(နိုင်)၁၈၂၉၇၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၃၇၂၅၅၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃အေ)၊ မြေကွက်အမှတ်-V ၂၄၄၊ အကျယ်အဝန်း ဧရိယာ (၀.၀၂၄)ဧကရှိ နှစ်(၆၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ်(၂၅)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မျက်နှာမူလျှင် ဘယ်ဘက်ခြမ်းရှိ ၄-လွှာ + ၅-လွှာ ဟုခေါ်တွင်သော တိုက်ခန်း (၂) ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ဌေးဌေး (၁၂/တမန(နိုင်)၀၃၄၄၄၈) နှင့် ဦးမောင်ပြုံး ( ၉/မထလ(နိုင်) ၀၁၁၈၀၆)တို့ထံမှ ဦးခင်မောင်မြင့် (၁၂/ကတတ (နိုင်)၀၂၂၇၁၇)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် တိုက်ခန်း (၂) ခန်း အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်တိုက်ခန်း (၂)ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4L/8216 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင် ၉/နထက(နိုင်)၁၁၈၆၆၁မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/98327 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးနိုင် ၉/ကဆန(နိုင်) ၁၂၆၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ၇၊ ဦးပိုင်အမှတ်(၇၆)/ပိတောက်လမ်း၊ ၅၂ x ၅၃လမ်းကြားရှိ ဦးခေါင်ထိလိ (ခ) ဦးထွန်းမြင့်(ခ)ဦးခေါင်းချန်ပေါက် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးမောင်ရင်(၎င်း၏တရားဝင်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း) က တရားပြိုင် ဦးခေါင်ထိလိ (ခ)ဦးထွန်းမြင့် (ခ)ဦးခေါင်းချန်ပေါက်အပေါ် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၁/၂၀၁၆)ဖြင့် တရားစွဲဆိုခဲ့ပြီး ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော် တရားမဇာရီမှုအမှတ်(၆၉/၂၀၂၃)ဖြင့် တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ရီရီဝင်း ၉/မဟမ(နိုင်)၀၀၀၇၉၈ က တောဂရန်၊ တရားရုံး အမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့၊ စက်တိုင်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၇E) အနောက်ရပ်၊ ဦးပိုင်အမှတ် (၄၈ဈ)၊ ဧရိယာ(၃ဒသမ၇၆)ကေမှ ဧရိယာ(၀ဒသမ၀၉)ကေရှိ ဦးလှစိုးအမည်ပေါက် လ/န(၃၉)ရရှိပြီး မြေအား လွန်ခဲ့သော (၁၅)နှစ်မှစ၍ ဝယ်ယူနေထိုင်ခဲ့ပြီးနောက် ယခုအခါတွင် ကျွန်မ ဒေါ်ဌေးဌေးဝင်း အမည်ဖြင့် ဂရန်သစ်လျှောက်ထားခြင်းကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ထိုမြေနှင့်သက်ဆိုင်သည့် ခိုင်လုံသောစာရွက်စာတမ်း မူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေးဝင်း ၇/ကပက(နိုင်) ၀၁၁၀၀၀**
**ရန်ကုန်-ပြည်လမ်း၊ စက်တိုင်ကုန်းရပ်ကွက်၊ ကြို့ပင်ကောက်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့၊ စက်တိုင်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၇E)အနောက်ရပ်၊ ဦးပိုင်အမှတ် (၄၈ ည/၃)၊ ဧရိယာ(၁ဒသမ၇၆)ကေမှ ဧရိယာ(၀ ဒသမ ၀၉)ကေရှိ ဦးလှစိုးအမည်ပေါက် လ/န (၃၉)ရရှိပြီး မြေအား လွန်ခဲ့သော (၁၉)နှစ်မှစ၍ ဝယ်ယူနေထိုင်ခဲ့ပြီးနောက် ယခုအခါတွင် ကျွန်တော် ဦးခင်ဝင်းအမည်ဖြင့် ဂရန်သစ်လျှောက်ထားခြင်းကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ထိုမြေနှင့်သက်ဆိုင်သည့် ခိုင်လုံသော စာရွက်စာတမ်း မူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်ဝင်း ၇/ကပက(နိုင်)၀၅၂၇၂၇**
**ရန်ကုန်-ပြည်လမ်း၊ စက်တိုင်ကုန်းရပ်ကွက်၊ ကြို့ပင်ကောက်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်/အရှေ့ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၄၄)၊ ပင်လုံထိပ်ထားစံအိမ် (DIOCESAN COMPLEX)၊ စတုတ္ထထပ်၊ အခန်းအမှတ်(၄၀၉)၊ ဧရိယာ(၁၄၀၀)စတုရန်းပေခန့် အကျယ်အဝန်းရှိ ရေ+မီး စုံလင်စွာပါရှိသော ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့်တကွ ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ အစဉ်အဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးတင်ထွဋ်လွင် (၁၂/ဗတထ(နိုင်) ၀၂၇၆၈၁)နှင့် ဒေါ်ကြူကြူ(၁၂/ဒဂန(နိုင်)၀၂၃၁၈၂)တို့ နှစ်ဦးမှ အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက်အထားများ နှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးဝင်း(LL.B, D.I.L, WIPO (Switzerland)) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၂၇) နိဂြောဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၁၃၇၇)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) ရှိ ဦးလှကျော် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ (၂၀ ပေ x ၆၀ ပေ) ရှိ (မြေကွက်အမှတ်-၁၃၇၆ နှင့် ကပ်လျက်ခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်သန်းသန်းဌေး ၁၂/မဂတ(နိုင်) ၀၇၅၄၄၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B,LL.M) အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## မွေးသက္ကရာဇ်အမှန်

မိုးကုတ်မြို့၊ အထက (၁)မှ ကျောင်းဝင်အမှတ် က-၈၁၁၈ မသန္တာအောင် (ဘ-ဦးချစ်ဦး)၏ မွေးသက္ကရာဇ်အမှန်မှာ (၁၇-၃-၁၉၉၄) ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မိုးကုတ်မြို့၊ အထက (၁)မှ ကျောင်းဝင်အမှတ် က-၀၇၉၆ မသွယ်သွယ်အေး (ဘ-ဦးချစ်ဦး)၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၃-၁၉၉၈ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

(ဦးချစ်ဦး)၏သား မိုးကုတ်မြို့၊ အထက(၁)မှ ကျောင်းဝင်အမှတ် (က-၀၆၂၀၄) မောင်ဇော်ဇော်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၉-၂-၂၀၀၅)ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

(ဦးချစ်ဦး)၏သမီး မိုးကုတ်မြို့၊ အထက(၁)မှ ကျောင်းဝင်အမှတ် (က-၃၃၂၀) မသန်းသန်းဦး ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၇-၃-၁၉၈၃)ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/49163,Loujia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဌေးနိုင် ၁၄/ပသန(နိုင်) ၁၉၂၅၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂-ခ/ကံဘဲ့)၊ (၇)ရပ်ကွက်၊ ငွေလမင်းရိပ်သာလမ်း၊ ခြံအမှတ် (၅၅/စီ)၊ မြေကွက်အမှတ် (၂/င-၄)၊ အကျယ်အဝန်း (၀.၂၀)ဧကရှိ ဒေါ်ခင်စိုးကြည် (၁၁/စတန (နိုင်) ၀၀၆၃၃၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်စိုးကြည်၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၈၉၇/၂၀၂၃) အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာ (၁၂/တမန (နိုင်) ၀၉၇၀၁၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ဦး** — LL.B, D.B.L, D.I.L., — တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဒေါ်လင်းလင်းထက်** — LL.B, — အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ အောင်ဇေယျ (၄)လမ်း၊ ကွင်းအမှတ် (၄၅)၊ မြေကွက်အမှတ် (၄၁၃)၊ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားစာချုပ်မူရင်း ပျောက်ဆုံးနေပါသဖြင့် မြေငှားစာချုပ်ပြန်လည်ထုတ်ယူခွင့် လျှောက်ထားခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်းအား ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက မြေပိုင်ရှင်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးစိုးမြင့် ၁၀/မဒန(နိုင်)၀၁၂၅၇၄**
**ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ် ၆၂၁၊ ဦးပိုင်အမှတ် (၁၈)/၂၉ x ၃၀ လမ်းကြား၊ ၇၉ လမ်းရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးဝင်းမြင့်ထံမှ အပေးစာချုပ်အမှတ်(၅၈၃၁/၂၀၁၁)ဖြင့် ဒေါ်ကြွယ်ကြွယ်၊ ဒေါ်သန်းဆွေ၊ ဒေါ်စန်းမေ၊ ဒေါ်စန်းရင်တို့က လက်ခံခဲ့ပြီး အမွေဆက်ခံစာချုပ်အမှတ် (၃၅၅၆/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်သန်းဆွေ ၉/မရမ(နိုင်)၀၃၉၅၅၆၊ ဒေါ်စန်းမေ ၉/မရမ(နိုင်)၀၃၉၄၃၀ တို့က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ် ၅၅၊ ဦးပိုင်အမှတ်(၂၁-က)/၁၃ x ၁၄ လမ်းကြား၊ ၈၁ x ၈၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြင့်မြင့် ၉/မနမ(နိုင်)၀၄၂၆၄၄၊ ဒေါ်ကေသီဦး ၉/မနမ(နိုင်)၀၄၂၆၄၃ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၉၀၄/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သဲသဲခိုင် ၉/မထလ(နိုင်)၁၉၅၈၆၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

